# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၃၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး



နေပြည်တော်  မေ  ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ — ဆောင်းပါး — စာ - ၆

.................................

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် သက်တမ်း နှစ် ၅၀၀ ကျော်ရှိ ဗုဒ္ဓရုပ်ပွားတော် လိုဏ်ဂူတစ်လုံး တွေ့ရှိ — နိုင်ငံတကာသတင်း — စာ - ၁၂

.................................

အရှေ့တောင်အာရှရဲ့ အကြီးဆုံးစီးပွားရေးစီးဆင်းလည်ပတ်ရာ အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ စီးပွားရေးများလည်း ဖွံ့ဖြိုးတိုးတက်လာ — နိုင်ငံတကာရေးရာ — စာ - ၁၄


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော်  မေ  ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## ကျောင်းနေအရွယ် ကလေးငယ်တိုင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး

အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေလ ၂၆ ရက်မှ ဇွန်လ ၁ ရက်နေ့အထိ သတ်မှတ်ထားရာ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် မေလ ၃၀ ရက်နေ့အထိ ကျောင်းအပ်နှံသူပေါင်း ၄၉ သိန်းခန့် ရှိပြီဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများ၊ လူငယ်များအဖို့ ပညာရေးဟူသည် ရပ်တန့်ထားရကောင်းသည့် အရာမဟုတ်သည့်အလျောက် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရန် နိုင်ငံတော်အစိုးရ၊ မိဘ၊ ဆရာ၊ ကျောင်းသားတို့ လေးဦး လေးဖလှယ် ကြိုးစားကြရသည်။ မိမိတို့နိုင်ငံကဲ့သို့ ပညာရေး အားနည်းနေသည့် နိုင်ငံတစ်ခုအနေဖြင့် ပညာရေးကဏ္ဍတွင်လည်း သူများက ခြေတစ်လှမ်း လှမ်းလျှင် မိမိတို့က ခြေလှမ်းလေးငါးဆယ်လှမ်း လှမ်းနိုင်ရမည်။ သို့မှသာ ရေရှည်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းတွင် "ကျောင်းနေအရွယ်ကလေးငယ်တိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) အဆင့် ပြီးဆုံးတဲ့အထိ ပညာသင်ကြားနိုင်ဖို့ ကျွန်တော်တို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ (KG+9) အဆင့် အနည်းဆုံးပြီးမြောက်မှ Vocational Training ကို ကူးပြောင်းနိုင်မှာ ဖြစ်ပါတယ်။ (KG+9) ဟာ မိမိတို့အစိုးရရဲ့ ပညာရေးရည်မှန်းချက်သာ ဖြစ်ပါတယ်။ ပညာရေးဟာ မြန်မာ့ဒီမိုကရေစီအရေးနဲ့ အနာဂတ်အတွက် အထူးအရေးပါတာကြောင့် နိုင်ငံသားတွေအနေနဲ့ မိမိတို့ရဲ့ ပညာသင်ယူမှု အခွင့်အလမ်းတွေ မဆုံးရှုံးစေဖို့ အလေးထားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်"ဟူ၍ ပညာရေးဆိုင်ရာကိစ္စများ ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် အခြေခံပညာကဏ္ဍ၌ ကျောင်းထွက်နှုန်း မြင့်မားလျက်ရှိရာ နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရခြင်းပင်ဖြစ်သည်။ ကျောင်းထွက်နှုန်းမြင့်မားရသည့် အခြေခံအကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးခြင်းက အဓိကပင်ဖြစ်သည်။ အလုပ်လုပ်ကိုင်ရန် အသက်မပြည့်သေးသည့် ကလေးငယ်ဘဝတွင် မိသားစုအတွက် ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးရခြင်း၊ မိသားစု၏ လုပ်ငန်းတွင် ဝင်ရောက်ကူညီလုပ်ကိုင်ရခြင်းစသည်တို့ကြောင့် ကျောင်းထွက်လိုက်ရခြင်းဖြစ်ရာ ၎င်းတို့ အရွယ်ရောက်လာသည့်အချိန်တွင် အတန်းပညာရေး၊ သက်မွေးဝမ်းကျောင်းပညာပါ အားနည်းနေပြီး အများစုမှာ ဆင်းရဲနွမ်းပါးမှု သံသရာထဲသို့ပြန်လည်ကျရောက်သွားကြရသည်။ ထို့ကြောင့် မူလတန်းမှ စတင်ဝင်ရောက်လာသည့် ကျောင်းသားကလေးငယ်ကို (KG+9) ခေါ် အခြေခံပညာအလယ်တန်း ပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ကြားပေးပြီး သက်မွေးဝမ်းကျောင်းပညာနှင့် ချိတ်ဆက်ပေးခြင်းအားဖြင့် ကျောင်းသားကလေးငယ်၏ အနာဂတ်အတွက် အတတ်ပညာတစ်ခုခုရရှိပြီး အသက်မွေးဝမ်းကျောင်းနိုင်မည်ဖြစ်သလို နိုင်ငံအတွက်လည်း ကျွမ်းကျင်အလုပ်သမားများ ရရှိနိုင်မည်ဖြစ်သည်။

ပညာသင်ကြားခြင်းသည် ကျောင်းသူ ကျောင်းသားလူငယ်များကို ပူးပေါင်းဆောင်ရွက်တတ်ရန်၊ တာဝန်ယူတာဝန်ခံတတ်ရန်၊ ဆက်စပ်စဉ်းစားတွေးခေါ်တတ်ရန်၊ တီထွင်ကြံဆ ဖန်တီးတတ်ရန်၊ ပေါင်းသင်းဆက်ဆံတတ်ရန်၊ အစဉ်လေ့လာသင်ယူတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရန် ဖြစ်သည်။ ပညာသင်ကြားခြင်းအတွက် အရွယ်ကလည်း အကန့်အသတ်ရှိနေရာ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ကျောင်းနေခွင့်ရရှိရေးအတွက် လူတိုင်း ပါဝင်အားပေးဆောင်ရွက်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## မြိတ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့ ကျင်းပ



**နေပြည်တော် မေ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့ကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဦးညဏ်ထွန်းက ကျောင်းအပ်နှံရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ မြိတ်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တွဲဖက်ပါမောက္ခများ၊ သင်ကြားရေး ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ်ဓမ္မာရုံ တည်ဆောက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းကာ တက္ကသိုလ် သင်ကြားရေးဌာန၏ ပြခန်းများအတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လောက်ကိုင်မြို့နယ်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**လောက်ကိုင် မေ ၃၀**

လောက်ကိုင်မြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်ပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်က "ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ် ကလေးအားလုံး KG တန်းမှ Grade-9 အထိ တစ်နည်းအားဖြင့် အခြေခံပညာအလယ်တန်းပြီးမြောက်သည်အထိ မဖြစ်မနေ ပညာသင်ကြားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

အခမ်းအနားသို့ ဒေသကွပ်ကဲရေး စစ်ဌာနချုပ် (လောက်ကိုင်)ဒေသ ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိဘပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကျောင်းအပ်နှံရေး ဆောင်ရွက်ရာတွင် တာဝန်ရှိ ဆရာ ဆရာမများက လာရောက်ကျောင်းအပ်နှံသော ကျောင်းသား ကျောင်းသူများကို ဗလာစာအုပ်၊ ခဲတံ၊ ပုံနှိပ် စာအုပ်များ အခမဲ့ထုတ်ပေးမည့်အပြင် မူလတန်းကျောင်းသားများအတွက်ပါ ကျောင်းဝတ်စုံတစ်စုံစီ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ရွှေစင်ဖြိုး (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၃၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ **(အောက်ပုံ)**



မေ ၃၀ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၁ ခုမှ Cerox-A 500 Tablet ၄၉၂၃ ခု၊ Micosonazole Nitrate BP ၁၆၀၀ ၊ Xytrex 10 Tablet ၁၉၂၀၊ Relcer Tablet ၅၅၈၇ ခု၊ Deriva MS Gel 15G ၇၈၇၂ ခု၊ Relcer TGEL ၈၃၂၃ ခု၊ Derise 25 InJection ၂၀၊ Derise 40 InJection ၂၀၊ Rilast 100 Concentrate ၁၀ ခု၊ Rilast 500 Concentrate ၁၀ ခု၊ Actitop (Capsule) ၁၀၀၀၊ Zurig 40 Tablet ၃၆၇၂ ခု၊ Martians With Imunactiv Tablet ၁၄၄၀၀၊ BR Imson Plus Eye Drop ၅၀၊ Vydee 5 MG Injection ၅၀၊ Moxiopt 0.5 % Eye Drops ၅၀၊ Travson 0.004 % Eye Drops ၅၀၊ Enhancin 1G Tablet ၃၈၀၀၊ Zobactum Powder For Injection ၈၃၅၀၊ Tridosil 500 Tablet ၃၅၀၀၀၊ Ricovir 300 MG Tablet ၅၅၉၇ ခု၊ Tenepan (3 X 10's) Tablet ၁၄၄၅၀ ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၂၃ မျိုး ၃၁၃၆၃ ဒသမ ၇၉ Kg နှင့် နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Cetirizine Tablet ၃၄၄၀၀ ၊ Amox-500 Capsule ၃၄၀၀၊ Diclo Tablet ၆၃၀၀၊ VE-400 Capsule ၄၀၀၀၀ ၊ Diclo Injection ၇၈၂၄၀ ၊ Rani Injection ၂၉၈၀၊ Yi Xin Infusion Set ၉၃၂၀၊ Haoxi Infusion Set ၈၃၂၀၊ Hanma Disposable Syringe (3ML) ၁၄၈၅၀ တို့ကို ထုတ်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ *ရွှေဖုံးမှ*

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြင်ပဆက်ဆံရေးဒုဌာနကြီးမှူး ဦးပေါက်အိုက်ကော်နှင့် ပြင်ပဆက်ဆံရေးဌာန၊ လားရှိုးမြို့ ဆက်ဆံရေးတာဝန်ခံ ဦးညီရန်းတို့ တက်ရောက်ကြသည်။

### ဦးတည်စဉ်းစားလုပ်ဆောင်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ငြိမ်းချမ်းမှုရှိမှသာလျှင် ဒေသတည်ဆောက်ရေး တိုင်းပြည်တည်ဆောက်ရေးကို ပိုမိုသွက်လက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းပြည်၏လိုအပ်ချက်၊ ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များနှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှစ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစား လုပ်ဆောင်သွားရန် လိုအပ်သည့်အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူ ဖြစ်စေနိုင်မည့် အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုအား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးစဉ်။

### အပြန်အလှန်ဆွေးနွေး

ထို့နောက် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက **ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးနှင့် ပတ်သက်၍ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ သဘောတူညီကြောင်းနှင့် သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး** ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ဆက်လက်ပြုလုပ်သွားမည်

အဆိုပါ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSPမှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များ ပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၃၀

**၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဦးစောထွန်းအောင်မြင့်နှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစန်းလွင်၊ ဦးမြင့်စိုး၊ ဦးမျိုးလှိုင်နှင့် ဦးဇော်အေးမောင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ဒေသအသီးသီးရှိတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိကာ မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရန်၊ လူငယ်/လူရွယ်များ လက်ဝှေ့အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေပြီး လက်ဝှေ့အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိတ်ဓာတ်၊ စွမ်းရည်၊ သတ္တိနှင့် ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြုသွေးသစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ပြိုင်ပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် တရားသော ယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရရှိအောင် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ကြိုးစား၍ ပါဝင်ယှဉ်ပြိုင်ကြရန်လိုကြောင်း၊ မိမိတို့၏ အရည်အချင်း၊ အစွမ်းအစများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး အားကစားသမားကောင်းများပီသစွာဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာကြစေလိုကြောင်း၊ မျိုးဆက်သစ် လူငယ်လက်ဝှေ့အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားပြီး လက်ဝှေ့ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆို၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့က ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံနှုတ်ဆက်သည်။ (ဓါပုံ)

### ကြည့်ရှုအားပေး

ထို့နောက် ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသား (၅၆)ကီလိုတန်း ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ စောအတစ်နှင့် ရှမ်းပြည်နယ်အသင်းမှ ရှိုင်းငယ်တို့၏ ယှဉ်ပြိုင်ကစားနေမှုကို လည်းကောင်း၊ အမျိုးသား (၆၀) ကီလိုတန်း ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ နုတ်မာရ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စောဘွယ်ကလိုတို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ အမျိုးသမီး (၄၈)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး အသင်းမှ သင်းသင်းခိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ အေးအေးပြည့်တို့၏ ယှဉ်ပြိုင်ကစားနေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

### အမှာစကားပြောကြား

ပြည်ထောင်စု ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ (Multi–purpose Hall)၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသေနတ်ပစ်အားကစား အဖွဲ့ချုပ်နှင့် တပ်မတော်သေနတ်ပစ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားနည်း သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် ဘေးမဲ့တောဥယျာဉ် မြစ်ကမ်းပါးထိန်းသိမ်းရန် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ပုဂံ မေ ၃၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုဂံ ယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ရောက်ရှိပြီး လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကို ဖူးမြော်ကြည်ညိုသည်။



**အမြန်ပြီးစီးအောင်ဆောင်ရွက်**

ယင်းနောက် လောကနန္ဒာစွယ်တော်မြတ် စေတီတော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့၏ မြစ်ကမ်းပါးများကို ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြစ်ကမ်းပါးထိန်းသိမ်းမှု လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခု မိုးဦးကာလရောက်ရှိပြီဖြစ်သဖြင့် မြစ်ရေမတိုးမီ ဆောင်ရွက်ရန် ကျန်ရှိသောလုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အတူ ကြိုတင် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည်များကိုလည်း ဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

**လိုအပ်သည်များ မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေကြီးရေလျှံမှုကြောင့် စေတီပုထိုးများ ထိခိုက်မှု မဖြစ်စေရန် အနော်ရထာလမ်း၏ နှစ်နေရာ၌ ရေကျော်လုပ်ငန်း ဆောင်ရွက်ရန်နေရာသို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လက်ဖက်ကန်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ယနေ့အထိ တည်မြဲနေခြင်းသည် ပုဂံခေတ် ရေအသုံးချမှုနှင့် ရေစီမံခန့်ခွဲမှု ကောင်းမွန်မှုကြောင့်ဖြစ်ကြောင်း၊ ဆက်လက်ပြီး တည်တံ့ခိုင်မြဲစေရန်အတွက် ပုဂံခေတ် ရေလမ်းကြောင်းများကို စနစ်တကျ ဖော်ထုတ် ထိန်းသိမ်းသွားမှသာ ပုဂံဒေသအတွင်းတွင် ရေစီးရေလာကောင်းမွန်ပြီး ရေကြီးရေလျှံမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း မှာကြားပြီး ရေလမ်းကြောင်း ဖော်ထုတ်ပြုပြင်နေသည့် လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းနန်သူကျေးရွာရှိ လေးထောင့်ကန်ဦးသို့ ရောက်ရှိပြီး လေးထောင့်ကန်နှင့် ရေစစ်ကန်သို့ ရေဝင်ရောက်မှု၊ ရေဝင်လမ်းကြောင်း၊ ရေပိုလွှဲမှ ရေများစီးဆင်းသွားသည့် လမ်းကြောင်းများကိုလည်းကောင်း၊ ယုန်လွှတ်ကျွန်း (ပထမနန်းတော်ရာ) တူးဖော်သုတေသနလုပ်ငန်း ဆောင်ရွက်သည့်နေရာသို့ လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အကြိမ်(၁၁၀)မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံကာလအတွင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၃၀

**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့တွင် Video Conference စနစ်ဖြင့် ကျင်းပသည့် အကြိမ်(၁၁၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကာလအတွင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည်။ (အောက်ပုံ)**




အစည်းအဝေးတွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများ၏ ဥက္ကဋ္ဌ အဇာဘိုင်ဂျန်နိုင်ငံ၊ အလုပ်သမားနှင့် လူမှုအကာအကွယ်ပေးရေးဝန်ကြီး H.E. Mr. Sahil Babayev က အဖွင့်မိန့်ခွန်း ပြောကြားသည်။

**အလေးထားဆောင်ရွက်**

ဆက်လက်၍ အစည်းအဝေး အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိန့်ခွန်း ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ် ချမှတ်ခဲ့ပြီး အလုပ်သမားများ အလုပ်အကိုင်ရရှိရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်၍ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ပံ့ပိုးကူညီဆောင်ရွက်**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ကျဆင်းခဲ့မှုကို ပြန်လည်ကုစားသည့်အနေဖြင့် နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးအတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး နည်းပညာနှင့် လုပ်သားဈေးကွက် တိုးတက်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့များ ရရှိနိုင်ရန် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့တွင် စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းတို့၌ အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခဲ့ကြောင်း။

**ပူးပေါင်းညှိနှိုင်းဆောင်ရွက်**

ပြည်တွင်း၌ရှိသော အလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးသည့်နည်းတူ ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားရွှေ့ပြောင်း အလုပ်သမားများ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များနှင့် ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိစေရန် သက်ဆိုင်ရာ နိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း လူမှုဖူလုံရေး အကျုံးဝင် မှတ်ပုံတင်ထားသော ကိုယ်ဝန်ဆောင်အမျိုးသမီး အာမခံအလုပ်သမား ၄၀၂၈ ဦးအတွက် ငွေကျပ် (၅၈၅ ဒသမ ၄၇၂) သန်းကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် Quarantine ဝင်ရောက်ရသည့် အာမခံ အလုပ်သမား ၅၁၂၅ ဦးအတွက် ငွေကျပ် (၂၉၂ ဒသမ ၅၇၀) သန်းကိုလည်းကောင်း မကျန်းမာမှု ငွေကြေး အကျိုးခံစားခွင့်အဖြစ် ထောက်ပံ့ပေးခဲ့ကြောင်း။

**ထောက်ပံ့ကူညီပေးခဲ့**

ထို့ပြင် ကိုဗစ်-၁၉ ပထမလှိုင်းနှင့် ဒုတိယလှိုင်းကာလအတွင်း ယာယီပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများမှ အာမခံအလုပ်သမား ၁၆၃၄၁၇၄ အား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် စုစုပေါင်းငွေကျပ် (၇၀၈၂၉ ဒသမ ၇၅၆) သန်း ထောက်ပံ့ကူညီပေးခဲ့ကြောင်း။

လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းစဉ်အနေဖြင့် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသောအသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် (Maternal and Child Cash Transfer Program – MCCT)နှင့် အသက် ၉၀ နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်း အစီအစဉ်များအရ လစဉ်ထောက်ပံ့ပေးလျက် ရှိကြောင်း၊ အကျုံးဝင်အသက်ကို ၈၅ နှစ်အထိ လျှော့ချထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

**ဥပဒေနှင့်အညီ ကာကွယ်**

မြန်မာနိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်၍ အလုပ်သမားများ၏ အကျိုးစီးပွားများကို ဦးစားပေးမြှင့်တင်ဆောင်ရွက်ပြီး အလုပ်ရှင်များကိုလည်း ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများအချင်းချင်း အလုပ်သမားရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃၀

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် အထွေထွေညီလာခံတွင် အမှာစကားပြောကြား




နေပြည်တော် မေ ၃၀

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams – MNCOLD) ၏ စတုတ္ထအကြိမ် အထွေထွေညီလာခံကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကန်ဘဲ့ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသားများ တက်ရောက်ကြသည်။

**နှစ်စဉ်စီးဆင်းလျက်ရှိ**

အခမ်းအနားတွင် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများထက် ရေချိုသယံဇာတများစွာ ပေါများပြီး ပြည်တွင်း၌ စီးဆင်းနေသော မြစ်များအနေဖြင့် ဧရာဝတီမြစ်တွင် ကေပေသန်း ၂၅၀ ကျော်၊ ချင်းတွင်းမြစ်တွင် ကေပေ ၁၁၄ သန်းကျော်၊ စစ်တောင်းမြစ်တွင် ကေပေ ၆၆ သန်းခန့်၊ သံလွင်မြစ်တွင် ကေပေသန်း ၂၀၀ ကျော် နှစ်စဉ်ပျမ်းမျှ စီးဝင်လျက်ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် ကေပေသန်းပေါင်း ၈၇၀ ကျော် နှစ်စဉ် စီးဆင်းလျက်ရှိကြောင်း။

အသားတင် စိုက်ဧရိယာပေါ်တွင် ရေသွင်းစိုက်ပျိုး ဧရိယာအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံက ၃၄ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၄၉ ရာခိုင်နှုန်း၊ လာအိုက ၂၇ ရာခိုင်နှုန်းနှင့် အိန္ဒိယက ၃၉ ရာခိုင်နှုန်း ရှိနေသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံအနေဖြင့် ရေသွင်းစိုက်ပျိုးသော ဧရိယာမှာ အသားတင်စိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းကျော်သာရှိ၍ ရေချိုအရင်းအမြစ်များစွာ ရှိနေသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရေသွင်းစိုက်ပျိုးနိုင်သော ဧရိယာနည်းပါးလျက်ရှိနေပြီး ရှိရင်းစွဲ ရေအရင်းအမြစ်များကို စိုက်ပျိုးရေးအဖြစ် ဖော်ထုတ်အသုံးချရန် များစွာလိုအပ်နေသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**မျှဝေလက်ဆင့်ကမ်းပေး**

အလားတူ အဖိုးတန် ရေချိုသယံဇာတများကို သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ အသုံးချနိုင်ရန် တည်ဆောက်ထားရှိပြီး ဖြစ်သည့် ဆည်တာတမံကြီးများ ဘေးကင်းလုံခြုံပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်ယူ အသုံးပြုနိုင်ရေးနှင့် စိုက်ပျိုးရေးအတွက် အကျိုးပြုနေမှု၊ ဒေသတွင်းနိုင်ငံများ၏ ဆည်တာတမံ တည်ဆောက်အသုံးပြုနေမှုတို့ကို လေ့လာချိန်ဆပြီး နောင်လာ နောက်သားများအတွက် ပိုမိုအကျိုးရှိနိုင်မည့် အစီအမံများကို မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD) က ဖော်ထုတ်ပေးရန် လိုကြောင်း၊ ရေခဲတောင် အရည်ပျော်လာမှု၊ မုတ်သုံဝင်ရောက်မှု၊ သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်လာမှု စသည့် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများ၊ မမျှော်မှန်းနိုင်သည့် သဘာဝ ဘေးဒဏ်များကြောင့် တာတမံကြီးများအပေါ် အကျိုးသက်ရောက်နိုင်မှုများကို စူးစမ်းလေ့လာခြင်း၊ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကို အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် (International Commission on Large Dams – ICOLD) အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်သကဲ့သို့ မျိုးဆက်သစ်ပညာရှင်များကိုလည်း နည်းပညာများ မျှဝေလက်ဆင့်ကမ်းပေးရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးက အလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကာ ညီလာခံ၏ အတည်ပြုချက်ရယူသည်။

မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams – MNCOLD) ကို မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေး ပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

**နေပြည်တော် မေ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၄၃၀ အတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌လည်း ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ်ရှိ တောင်သူများစိုက်ပျိုးထားသည့် နွေစပါး စံပြစိုက်ခင်း ဧက ၁၀၀ အား ကွင်းဆင်းကြည့်ရှု

**မန္တလေး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နတ်စိမ်းကျေးရွာ ကွင်းအမှတ် ၄၅၂ တွင် တောင်သူ ၃၂ဦး၏ နွေစပါး တစ်ဧက တင်း ၁၂၀ ထွက်ရှိရေးအတွက် စိုက်ပျိုးထားသည့် နွေစပါး စံပြစိုက်ခင်း ဧက ၁၀၀ သို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာရဲတင့်ထွန်းနှင့်အဖွဲ့က မေ ၂၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ စံပြစိုက်ခင်းအတွင်း တောင်သူများနှင့် တွေ့ဆုံရာတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မြင့်က နွေစပါး စိုက်ပျိုးချိန်တွင် ရေရရှိမှုနည်းလမ်းများနှင့် မျိုးကွဲအလိုက်စိုက်ပျိုးပြီးမှု၊ စံပြစိုက်ခင်းများ စိုက်ပျိုးထားမှုအခြေအနေများနှင့် တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် နွေစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူး ဦးတိုးမင်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ဆင်ပေါင်ဝဲ၌ သွေးလွန်တုပ်ကွေးရောဂါ တွေ့ရှိနေရ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၃၀**

ဆင်ပေါင်ဝဲမြို့နယ်၌ ကလေးငယ်များတွင် မကြာခဏ သွေးလွန်တုပ်ကွေးရောဂါ တွေ့ရှိရသဖြင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ ဒေါက်တာမွန်စိုးရီ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့က ကိုးပင်ကျေးရွာနှင့် ချောင်းကောက်ကျေးရွာများအတွင်းရှိ နေအိမ်များတွင် သိုလှောင်ထားသော သောက်သုံးရေကန်များအတွင်းသို့ အဘိတ်ဆေးများ ခတ်ပေးခြင်း၊ အိမ်တွင်းအိမ်ပြင်ရှိ ရေထည့်ထားသည့် ရေစည်ရေအိုးများကို ဖုံးအုပ်ပေးခြင်း၊ သောက်ရေ၊ သုံးရေအိုးခွက်များ၊ ရေစည်ရေအိုးများ၊ ပန်းအိုးအတွင်းပိုင်းကို ပွတ်တိုက်ဆေးကြော၍ သွန်ပစ်ခြင်း၊ ခြင်လောက်လမ်းတွေ့သော ရေကို နောက်အိုး တစ်အိုးသို့ ရေစစ်၍ လဲလှယ်ပြောင်းထည့်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**



# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ

မြင့်စိုး(နတလ)

**ပညာရေးကဏ္ဍအလေးထားဆောင်ရွက်**

နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက်များနှင့်အညီ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို နိုင်ငံတစ်ဝန်း ဖွင့်လှစ်သင်ကြားနေပြီဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း မိမိတို့ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များ စနစ်တကျ ဖွင့်လှစ်နိုင်ရေး၊ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ အလေးထား ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ ပြီးခဲ့သည့် မေလ ၂၁ ရက်၌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) သို့လည်းကောင်း၊ သမဝါယမကောလိပ် (ဖောင်ကြီး) သို့ လည်းကောင်း သွားရောက်၍ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကောလိပ်ကျောင်းအုပ်ကြီးနှင့် နည်းပြများအား တွေ့ဆုံကာ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ သမဝါယမတက္ကသိုလ်/ကောလိပ်များ၏ ဂုဏ်ကို ဆောင်နိုင်သော ကျောင်းသား၊ ကျောင်းသူများဖြစ်စေရေး၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း တက္ကသိုလ်၊ ကောလိပ်များ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များအတိုင်း အရည်အသွေးပြည့်ဝသော ပညာတတ်လူငယ်လူရွယ်များ မွေးထုတ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးသည် မေလ ၂ဂ ရက် နေ့ကလည်း ပုသိမ်မြို့ရှိ သမဝါယမသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကျွန်တော်နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ လိုက်ပါသော အဖွဲ့အနေဖြင့်လည်း ပြီးခဲ့သည့် မေလ ၁၆ ရက်နေ့၌ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) နှင့် မန္တလေး သမဝါယမသင်တန်းကျောင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် သမဝါယမကောလိပ် (မန္တလေး) သို့လည်းကောင်း သွားရောက်ကာ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ယခုခရီးစဉ်ကမူ အခြားသောလုပ်ငန်းများနှင့်အတူ မော်လမြိုင်ရှိသမဝါယမသင်တန်းကျောင်း၊ ဘားအံမြို့နှင့် မုဒုံမြို့များရှိ



ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း (ဘားအံမြို့) ၌ သဘာဝဆိုးဆေးနည်းပညာသင်တန်း။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများကို ရောက်ခွင့်ကြုံခဲ့ပါသည်။

**ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်တွင် အထက်ပါတက္ကသိုလ်၊ ကောလိပ်များ၊ ယွန်းပညာကောလိပ် (ပုဂံ)၊ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့အပြင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ၁၃ ကျောင်းကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ မေလ ၁၁ ရက်နေ့၌ တောင်ကြီးမြို့ရှိ ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်ခဲ့ပြီးဖြစ်သည်။ ယခု ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ခရီးစဉ်၌ ဘားအံမြို့နှင့် မုဒုံမြို့များတွင် ဖွင့်လှစ်ထားသော ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများအား ဝင်ရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။ ကျန်ကျောင်းများမှာ မြစ်ကြီးနား၊ လွိုင်ကော်၊ မင်းတပ်၊ ဖလမ်း၊ စစ်တွေ၊ ကျောက်မဲ၊ ရွှေတောင်၊ မုံရွာ၊ မိတ္ထီလာနှင့် ပခုက္ကူမြို့များတွင် တည်ရှိနေပါသည်။

**သင်တန်းကျောင်းများ၏ ရည်ရွယ်ချက်**

(က) ရိုးရာအမွေအနှစ်များ မတိမ်ကောမပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ရက်ကန်းလုပ်ငန်းဆိုင်ရာ နည်းပညာ၊ အတတ်ပညာများ ဖြန့်ဖြူးပေးရန်၊

(ဂ) အတတ်ပညာများ တိုးတက်ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) ချည်မျှင်နှင့် အထည်စက်ရုံများအတွက် ရက်ကန်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊

(င) ကုန်ထုတ်လုပ်ငန်း ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်သင်ကြားပေးရန်၊

(စ) ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော အထည်ထုတ်လုပ်ငန်းများကို တီထွင်နိုင်သည့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန်။

**ဖွင့်လှစ်ပေးသောသင်တန်းများ**

(က) ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ (၁) နှစ် သင်တန်း၊

(ခ) လက်ရက်ကန်း (၆) လ သင်တန်း၊

(ဂ) အထည်ဆေးရေးနှင့် အထည်ပန်းပုံရိုက်သင်တန်း၊

(ဃ) သဘာဝဆိုးဆေးနည်းပညာသင်တန်း၊

(င) တိုင်းရင်းသားရိုးရာချုပ်ခုတ်သင်တန်း။

**“ရက်ကန်း ပညာရပ်များနှင့် ပတ်သက်လာလျှင် ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသည် အစဉ်အလာကောင်းများနှင့် ဂုဏ်ရှိန်ထည်ဝါနေသကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများသည်လည်း ရှေးနှစ်ပေါင်းများစွာကပင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုခဲ့ပေ”**

**ရက်ကန်းသင်တန်းကျောင်းဆင်းများ အလုပ်အကိုင်ရရှိမှု**

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများမှ သင်တန်းဆင်းများ အလုပ်အကိုင်ရရှိရေးအတွက် အောက်ပါအတိုင်း ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည် -

(က) ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်းနှင့် မိတ္ထီလာ) တို့နှင့်ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊

(ခ) ပုဂ္ဂလိက ရက်ကန်းလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဂ) ကိုယ်ပိုင်လုပ်ငန်း ထူထောင်လိုသော ရက်ကန်းကျောင်းဆင်းများအား ဈေးကွက်၊ နည်းပညာ၊ အရင်းအနှီးရရှိရေး သမဝါယမဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊

*စာမျက်နှာ ၇ သို့*



လက်ရက်ကန်း သင်တန်း၌ သင်တန်းသူများ လက်တွေ့ပြုလုပ်နေစဉ်။



အထည်ပန်းရိုက်သင်တန်း၌ သင်တန်းသူများ လက်တွေ့ပြုလုပ်နေစဉ်။

*စာမျက်နှာ ၆ မှ*

(ဃ) ပြင်ပလုပ်ငန်းရှင်များ လိုအပ်သောနည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖလှယ်ပေးခြင်း။

**ရက်ကန်းကျောင်းများ၏ သမိုင်းအစနှင့် တည်နေရာ**

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများတွင် လက်ရှိသင်ကြားနေသော စာတွေ့လက်တွေ့ဘာသာရပ်များထက် ကျွန်တော့်အနေဖြင့် ထိုကျောင်းများ၏ သမိုင်းနောက်ခံကို ပို၍စိတ်ဝင်စားမိသည်မှာ အမှန်ပင်ဖြစ်၏။ အချို့သင်တန်းကျောင်းများသည်လည်းကောင်း၊ ထိုကျောင်းများရှိ လွန်းရက်ကန်းစင်ကြီးများသည် လည်းကောင်း ကျွန်တော်တို့ထက် အသက်ပိုကြီးနေကြသည်။ ၎င်းတို့၏ သမိုင်းကြောင်းအစနှင့် တည်နေရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၁၉၅၅ ခုနှစ်၌ ခရိုင်အစိုးရရက်ကန်းကျောင်းအဖြစ် စတင်တည်ထောင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အခြေခံရက်ကန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်တွင် တည်ရှိသည်။

(ခ) ကယားပြည်နယ် လွိုင်ကော်မြို့တွင် ၁၉၅၁ ခုနှစ်၌ ခရိုင်အစိုးရရက်ကန်းကျောင်းအဖြစ် စတင်တည်ထောင်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် အခြေခံ ရက်ကန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါသည်။ လွိုင်ကော်မြို့ ဒေါ်တမရပ်ကွက်တွင် တည်ရှိသည်။

(ဂ) ကရင်ပြည်နယ် ဘားအံမြို့တွင် ၁၉၅၃ ခုနှစ်၌ ခရိုင်အစိုးရ ရက်ကန်းကျောင်းအဖြစ် စတင်တည်ထောင်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် အခြေခံရက်ကန်းကျောင်း ဖြစ်လာခဲ့သည်။ ဘားအံမြို့ အမှတ် (၄)ရပ်ကွက်၊ ကမ်းနားလမ်းတွင် တည်ရှိပါသည်။

(ဃ) ချင်းပြည်နယ် ဖလမ်းမြို့တွင် ၁၉၅၄ ခုနှစ်၌ ခရိုင်အစိုးရ ရက်ကန်းကျောင်းအဖြစ် စတင်ထူထောင်သည်။ ၁၉၆၈ ခုနှစ်တွင် အခြေခံရက်ကန်းကျောင်း ဖြစ်လာသည်။ ၁၉၉၂-၉၃ တွင် အထက်တန်းရက်ကန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သည်။ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်တွင် တည်ရှိပါသည်။

(င) ချင်းပြည်နယ် မင်းတပ်မြို့တွင် အခြေခံရက်ကန်းကျောင်းကို ၁၉၅၁ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ခရိုင်အစိုးရ ရက်ကန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် အခြေခံရက်ကန်းကျောင်းအဖြစ် လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။ မင်းတပ်မြို့ ဦးဝမ္မသူးမောင်လမ်း၊ ဘဝသစ်ရပ်ကွက်တွင် တည်ရှိပါသည်။

(စ) မွန်ပြည်နယ် မုဒုံမြို့၌ ၁၉၄၇ ခုနှစ်တွင် ခရိုင်အစိုးရ ရက်ကန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ မုဒုံမြို့ မြို့မ(၁) ရပ်ကွက်တွင် တည်ရှိပါသည်။

(ဆ) ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၁၉၄၆ ခုနှစ်တွင် ခရိုင်အစိုးရ ရက်ကန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် အထက်တန်း ရက်ကန်းကျောင်းအဖြစ် လည်းကောင်း ဖွင့်လှစ်ခဲ့သည်။ စစ်တွေမြို့ မင်းဘာကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်တွင် တည်ရှိပါသည်။

(ဇ) ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၁၉၅၄ ခုနှစ်၌ အခြေခံရက်ကန်းကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အထက်တန်း ရက်ကန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ တောင်ကြီးမြို့ ရေအေးကွင်းရပ်၊ အရှေ့မြို့ပတ်လမ်းပေါ်တွင် တည်ရှိပါသည်။

(ဈ) ရှမ်းပြည်နယ် ကျောက်မဲမြို့တွင် ၁၉၅၄ ခုနှစ်၌ ခရိုင်အစိုးရ ရက်ကန်းကျောင်းကို ဖွင့်လှစ်ခဲ့ပါသည်။ ကျောက်မဲနှင့် နမ့်ခမ်းတွင် တစ်ကျောင်းစီ ဖွင့်လှစ်ခဲ့သော်လည်း ၁၉၅၉ ခုနှစ်တွင် နမ့်ခမ်းကျောင်းအား ရပ်ဆိုင်းခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် အခြေခံရက်ကန်းကျောင်း ဖြစ်လာခဲ့သည်။ ကျောက်မဲမြို့ အမှတ်(၈) ရပ်ကွက်၊ ဖြူးရွာသစ်တွင် တည်ရှိပါသည်။

(ည) မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ၁၉၅၀ ပြည့်နှစ်၌ အထက်တန်းရက်ကန်းကျောင်းကို စတင်တည်ထောင်ခဲ့သည်။ မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်၊ ကန်သာယာရပ်ကွက်တွင် ရှိပါသည်။

(ဋ) မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ၁၉၅၁ ခုနှစ်၌ အခြေခံရက်ကန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် အထက်တန်းရက်ကန်းကျောင်း ဖြစ်ခဲ့သည်။ ပခုက္ကူမြို့ အမှတ်(၇) ရပ်ကွက်၊ ကိန္နရာတောင်လမ်းတွင် တည်ရှိပါသည်။

(ဌ) စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ၁၉၅၄ ခုနှစ်၌ အခြေခံရက်ကန်းကျောင်းကို လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် အထက်တန်းရက်ကန်းကျောင်းကို လည်းကောင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။ မုံရွာမြို့ ဒေါနခြံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း အရှေ့ဘက်ခြမ်းတွင် တည်ရှိပါသည်။

(ဍ) ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့တွင် ၁၉၄၈ ခုနှစ်၌ အခြေခံရက်ကန်းကျောင်း စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် အထက်တန်းရက်ကန်းကျောင်း ဖြစ်လာခဲ့ပါသည်။ ရွှေတောင်မြို့ သရက်တောရပ်ကွက် အပြင်ရှမ်းတန်းလမ်းတွင် တည်ရှိပါသည်။

သင်တန်းကျောင်း တော်တော်များများသည် စက်မှုလက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုလက်မှုညွှန်ကြားရေးဌာနခွဲ၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း၊ စက်မှုစီမံကိန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းတို့သို့ အဆင့်ဆင့် ပြောင်းလဲရောက်ရှိခဲ့ပြီး ၁၉၇၅ ခုနှစ် ပတ်ဝန်းကျင်၌ ပညာရေးဝန်ကြီးဌာန စက်မှုစိုက်ပျိုးနှင့် အသက်မွေးပညာဦးစီးဌာနအောက်သို့ ရောက်ရှိခဲ့ပါသည်။ ထိုမှ ၁၉၈၂ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့တွင် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းအောက်သို့ ရောက်ရှိခဲ့ပါသည်။ သင်တန်းကျောင်းအားလုံးသည် ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့မှ စတင်ကာ "ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း" များအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။

**စွမ်းရည်မြင့်မားသော သင်တန်းကျောင်းများ ဖြစ်လာစေရေး**

ရက်ကန်းပညာရပ်များနှင့် ပတ်သက်လာလျှင် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသည် အစဉ်အလာကောင်းများနှင့် ဂုဏ်ရှိန်ထည်ဝါနေသကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများသည်လည်း ရေးနှစ်ပေါင်းများစွာကပင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုခဲ့ပေသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပထမတန်းစားပညာရပ်များအဖြစ် သတ်မှတ်ထားပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိမှုမှာလည်း အခြားပညာရေးဆိုင်ရာ ဘွဲ့ရများထက် ပိုမိုများပြားကြောင်း လေ့လာသိရှိရပါသည်။ သည့်အတွက် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ သင်ကြားပေးနေသော ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများကို ဂုဏ်ယူလေးစားသကဲ့သို့ နောင်အနာဂတ်ကာလတွင် ပို၍စွမ်းရည်မြင့်မားသော သင်တန်းကျောင်းများ ဖြစ်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။




သဘာဝဆိုးဆေးများဖြင့် ဆေးဆိုးထားသည့် ချည်ငင်များ။



ဆေးဆိုးပြီး ချည်များကို နေလှန်းနေစဉ်။

❍ အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ သင်ကြားပေးနေသော ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများကို ဂုဏ်ယူလေးစားသကဲ့သို့ နောင်အနာဂတ်ကာလတွင် ပို၍စွမ်းရည်မြင့်မားသော သင်တန်းကျောင်းများ ဖြစ်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်သွားမည်

# ကမမောင်းမြို့ရှိ တိုက်ပွဲရှောင်မိသားစုများနှင့် ကျောင်းသား ကျောင်းသူများအား ဆန်၊ ဆီနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်

ကမမောင်း မေ ၃၀

**ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့တွင် တိုက်ပွဲရှောင်မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆန်၊ ဆီနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကမမောင်းမြို့ အုန်းတောဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်သည်။**


အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က စစ်ဘေးရှောင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းထွက်လက်မှတ်မရှိသော်လည်း ကျောင်းနေနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုတွင် ပညာသင်စရိတ်များနှင့် ဆန်၊ ဆီများကို ထောက်ပံ့ပေးပြီး မိသားစုများအတွက် လိုအပ်သည်များကိုလည်း ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသက်ငါးနှစ်မှစ၍ ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် အားပေးစကားများ ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တိုက်ပွဲရှောင် အိမ်ထောင်စု ၆၆၈ စု၊ လူဦးရေ ၂၆၄၇ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာ ၂၁၅ အိတ်၊ ဆီ ၃၃၄ ပိဿာနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၂၀၀၀၀၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၇၂၅၀၀၀၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၁၉ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၁၉၀၀၀၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၇၀ အတွက် ထောက်ပံ့ငွေကျပ် ၆၆၃၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုက်ပွဲရှောင်မိသားစုများမှ ကိုယ်စားလှယ် တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။




**တင်တင်လှ(ပြန်/ဆက်)**

# ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်ဝင်သင်တန်းတွင် သရုပ်ပြတရားခွင် (Moot Court) လေ့ကျင့်ဆောင်ရွက်



**နေပြည်တော် မေ ၃၀**

ဥပဒေရေးရာဝန်ကြီးဌာန သည် အသစ်ရွေးချယ် ခန့်ထားပြီးသော ဥပဒေအရာရှိ ၁၀၀ ကို လေ့ကျင့်သင်ကြားရန် "ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ် ၁/၂၀၂၂ " ကို မတ် ၂၉ ရက်မှ မေ ၃၁ အထိ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ယင်းသင်တန်းတွင် သင်တန်းသား ဥပဒေအရာရှိများကို သင်တန်းကာလ တစ်လျှောက် မှတ်သားနာယူ လေ့လာခဲ့ရသည်များ လက်တွေ့အသုံးချ ဆောင်ရွက်နိုင်စေရေးနှင့် တာဝန်ကျရာ ဥပဒေရုံးအသီးသီးတွင် နိုင်ငံတော်ဘက်မှ အမှုလိုက်ပါ ဆောင်ရွက်ခြင်း တာဝန်ကို လက်တွေ့အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် သရုပ်ပြတရားခွင် (Moot Court) ကို အမှုလိုက်အတွေ့အကြုံ များစွာရှိသည့် အရာရှိကြီးများကိုယ်တိုင် ပါဝင်ဦးဆောင်ပြီး လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး ဟောပြောပွဲကျင်းပ

**မန္တလေး မေ ၃၀**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပွဲကို မေ ၂၇ ရက်ကအဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ဌာနမှူးများ၊ စီမံအရာရှိများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဦးကျော်ညွှန့်တို့က ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မန်းကိုယ်ပွား**



# လယ်ဝေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆွေးနွေး

**လယ်ဝေး မေ ၃၀**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက် ၁၀ နာရီက လယ်ဝေးမြို့နယ် အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကွင်းဆင်းဆွေးနွေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် လယ်ဝေးမြို့နယ် ပေတုန်းမျှောင်ကျေးရွာအနီးရှိ တောင်သူ ဦးဝေလင်းဦး၏ စူပါနံ့ကောက်စပါး စံပြကွက်စိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် မဒေါ့ပင်ကျေးရွာ KC ခန်းမတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေရရှိရေး လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က သီးနှံများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းအောင်က ရာသီဥတုနှင့် ကိုက်ညီမည့်မျိုးများကို ရွေးချယ်ရန်၊ သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်၊ စိုက်ခင်းများ၏ မိတ်ဆွေဖြစ်သည့် ပင့်ကူစသည့် ပိုးကောင်များအား မွေးမြူခြင်းဖြင့် အခြားအဖျက်ပိုးများ၏ အန္တရာယ်မှ ကာကွယ်နိုင်ရန် စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက ရာသီဥတုပြောင်းလဲမှုနှင့် မိုးရေချိန်ရရှိမှုအခြေအနေများ၊ ပိုးမွှားရောဂါကျရောက်မှု လျော့နည်းစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဒေသနှင့် ကိုက်ညီမည့် သီးနှံများအကြောင်းကို လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာလှမျိုးသန့်က မေထုန်မဲ့သားစပ်နည်း၊ ဒေသတိုင်းရင်းကြက် မွေးမြူနည်းနှင့် တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ ရရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ဒေသခံတောင်သူများက မြေဩဇာရရှိရေး၊ စိုက်ပျိုးစရိတ်များ ထုတ်ယူနိုင်ရေး၊ လယ်ယာသုံး စက်ကိရိယာများမောင်းနှင် သုံးစွဲနိုင်ရေးအတွက် စက်သုံးဆီများ ဈေးနှုန်းသက်သာစွာရရှိရေး၊ ရေမြောင်းများ ပြုပြင်ထိန်းသိမ်းရေးတို့ကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၃၀**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၆၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၂၅၈၅ |
| 95 Ron | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၅၀ | ၂၃၈၅ | ၂၄၀၅ | ၂၃၉၀ | ၂၃၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၅ | ၂၆၅၀ |
| HSD (500 ppm) | ၂၃၃၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၆၀ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၁၀ | ၂၄၁၅ | ၂၆၃၀ | ၂၇၄၀ |
| HSD (50 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၂၇၇၀ |
| HSD (10 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၂၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၂ | ၂၁၉၈ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၂၂၁ | ၂၂၉၅ |
| HSD (50 ppm) | ၂၂၄၉ | ၂၃၂၃ |
| HSD (10 ppm) | ၂၂၄၉ | ၂၃၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ နည်းပြသင်တန်း သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် မေ ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင်ဖွင့်လှစ်မည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ နည်းပြသင်တန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဌာနမှ တာဝန်ရှိသူများ၊ စစ်တွေမြို့မှ In person တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများ၊ Online ဖြင့် ဆွေးနွေးပို့ချမည့်နည်းပြများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူတစ်ဦးနှင့်တစ်ဦး ကျား၊ မ၊ အသက်အရွယ်၊ မိသားစုအသိုင်းအဝိုင်း၊ သင်ကြားခဲ့ရသည့် ပညာရပ်များ၊ လူမျိုး၊ ဘာသာ စသည်ဖြင့် မတူညီမှုများစွာရှိကြောင်း၊ မတူညီမှုများကို ယိုးမယ်ဖွဲ့ကာ ပူးပေါင်းဆောင်ရွက်မှု မရှိပါက လူမှုသဟဇာတမဖြစ်နိုင်တော့ပါကြောင်း၊ မတူညီမှုများထဲမှ တူညီသည့်အချက်များမှာ လူတိုင်း လူတိုင်းသည် ကြီးပွားတိုးတက်လိုခြင်း၊ ငြိမ်းချမ်းစွာနေထိုင်လိုကြခြင်းတို့ ဖြစ်ပါကြောင်း၊ ယင်းတူညီသည့် အချက်များအပေါ်မူတည်၍ တစ်ဦးနှင့်တစ်ဦး ပြဿနာမဖြစ်အောင်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်အောင် ဆောင်ရွက်ကြရခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် Social Cohesion၊ Social Harmony ကဲ့သို့သော သင်တန်းများသည် အလွန်အရေးကြီးသည့်အတွက် ယခုသင်တန်းကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် ပို့ချမည့်ဘာသာရပ်များသည် နိုင်ငံတကာအဆင့်မီဘာသာရပ်များဖြစ်ပါကြောင်း၊ ယခုသင်တန်းသည် နည်းပြသင်တန်းဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများသာမက ပြည်သူအများနှင့် ထိတွေ့နေသည့် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ပူးပေါင်းပါဝင်၍ သင်တန်းတက်ရောက်သည့်အတွက် ပြည်သူများအကြား အတွေးအခေါ်များ မြင့်တက်လာပြီး လူမှုပဋိပက္ခကင်းဝေးသော၊ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင့်ပွားသင်တန်းများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ဆင့်ပွားသင်တန်းမှရရှိသော အသိပညာ၊ ဗဟုသုတများအား လူကိုယ်တိုင်ဖြင့် ရပ်ရွာအတွင်း ထပ်ဆင့်သင်တန်းများ ပို့ချခြင်းနည်းလမ်းနှင့် Social Media မှတစ်ဆင့် လူတိုင်းနားလည်သဘောပေါက်နိုင်သော အတွေးအခေါ်ဗဟုသုတများဖြင့် မျှဝေခြင်းနည်းလမ်းတို့ဖြင့် အကျိုးရှိရှိ ပြန်လည်အသုံးချစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။ သင်တန်းကို မေ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့ရှိ အခြေခံကျောင်းများတွင် သန့်ရှင်းသာယာရေးဆောင်ရွက်

**သီပေါ မေ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှိ အခြေခံပညာထက်-လယ်-မူ အဆင့်ကျောင်းများ ဇွန် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန် အမှတ် (၁)၊ (၂)၊ (၃) အထက ကျောင်းများ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ ရေစီး ရေလာကောင်းမွန်ရန် ရေနုတ်မြောင်းများ ပြန်လည်ဖော်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူ ကြီးကြပ်၍ တပ်ဖွဲ့ဝင် လူငယ်မောင်မယ်များက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲအနီးရှိအမှိုက်ပုံကြီးအား ရှင်းလင်းပြီး ကျောင်းသားကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ကျောင်းပတ်ဝန်းကျင်နှင့် သန့်စင်ခန်းများကို ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင် ရေထွက်ကုန်တန်ချိန် ၈၀၀ မှ ၁၀၀၀ ကျော်အထိ တင်ပို့လျက်ရှိ

**ရန်ကုန် မေ ၃၀**

နိုင်ငံတော်မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အလေးပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးသမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရေထွက်ကုန်တင်ပို့မှုတွင် ရခိုင်ပြည်နယ် နယ်စပ်ဂိတ်မှ ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင် ရေထွက်ကုန်တန်ချိန် ၈၀၀ မှ ၁၀၀၀ ကျော်အထိ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ရေထွက်ကုန်တင်သွင်းမှုလျော့နည်းခဲ့ခြင်းသည် ရာမန်ဒါဥပုသ်ကာလ ဖြစ်ခြင်းကြောင့်ဖြစ်ပြီး မေလပထမပတ်မှစ၍ ရန်ကုန်ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးမြစ်ချင်းမွေးမြူသူများထံမှ ရေလမ်း၊ ကုန်းလမ်း ပုံမှန်ကုန်စည်စီးဆင်းမှုဖြင့် နယ်စပ်ကုန်စည်စီးဆင်းမှု ပြန်လည်အသက်ဝင်ခဲ့သည်။ လက်ရှိရင်ဆိုင်နေရသော စက်သုံးဆီဈေးနှုန်းမတည်ငြိမ်မှုကြောင့် ပို့ဆောင်ရေးစရိတ် ကြီးမြင့်လာခြင်း၊ ရောင်းချသောကုန်စည် ဈေးနှုန်းတိုးမြှင့်ရရှိမှုမရှိခြင်း၊ မွေးမြူရေးအစာစရိတ် မြင့်မားခြင်းတို့ကို ရင်ဆိုင်နေရသော်လည်း တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိနေသော ရေထွက်ကုန်ကို စဉ်ဆက်မပြတ်တင်ပို့နိုင်မှုဖြင့် လုပ်ငန်းလည်ပတ်နိုင်ရန် ငါးမွေးမြူရေးသမားများ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန် တိုက်ရိုက်တင်ပို့နိုင်သော နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောမြို့တို့သို့ ရန်ကုန်မြို့မှ ငါးမြစ်ချင်းပိဿာချိန် ၁၀၀၀ ခန့် နေ့စဉ်တင်ပို့လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှစ်ခုမှလည်း ရေလမ်းနှင့် ကုန်လမ်းတို့မှ တင်ပို့လျက်ရှိကြောင်း သိရသည်။

"တစ်ပိုင်တစ်နိုင်မွေးမြူသူတွေက စစ်တွေနဲ့ မောင်တောကို ကားနဲ့တင်လာပြီး စက်လှေပေါ်မှာ အခြားကုန်တွေနဲ့ ပေါင်းတင်ပြီးတော့မှ တစ်ဖက်နိုင်ငံကိုပို့တယ်။ ရန်ကုန်က လုပ်ငန်းကြီးမွေးမြူသူတွေက ငါးသယ်စက်လှေနဲ့တင်ပြီး စစ်တွေမှာ အစစ်အဆေးခံပြီးတော့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဆိပ်ကမ်းကို တိုက်ရိုက်သွားတယ်။ အပြန်ရေလယ်မှာ ငါးရက်စောင့်ဆိုင်း ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ရင် ရန်ကုန်ကို ပြန်ခွင့်ပြုတယ်။ ဆီဈေးတက်လာပေမယ့် ကုန်ချိန်ဘယ်လောက်ပို့မယ်ဆိုတဲ့ စာချုပ်ကြောင့် ဖြစ်မယ်။ ကုန်သည်ကတော့ ငါးမြစ်ချင်းကို ဆက်တိုက်ပို့နေကြတယ်။ ပုံမှန်ကုန်စည်စီးဆင်းနေပါတယ်။ ငါးမွေးမြူသူတွေအတွက် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ်ဟာ အရေးပါပါတယ်။ ကန်တွင် ဖမ်းဆီးရမယ့်အချိန်မှာ ဖမ်းဆီးပြီး ချက်ချင်းတင်ပို့ခြင်းဟာ မွေးမြူသူနဲ့ စားသုံးသူ နှစ်ဦးနှစ်ဖက် အကျိုးရှိတယ်။ ဒီလရေထွက်ကုန်တန်ချိန် ၈၀၀ ကနေ ၁၀၀၀ ကျော်အထိ ကုန်စည်စီးဆင်းနေပါတယ်"ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တွင် စစ်တွေမြို့ ရွှေမင်းဂံဂိတ်နှင့် မောင်တောမြို့ ကညင်ချောင်းဂိတ်တို့၌ ပြည်ပပို့ကုန် ရေထွက်ကုန်နှင့် ကုန်ခြောက်များကို ပူးပေါင်းအဖွဲ့က စစ်ဆေးပြီး နိုင်ငံတော်သို့ နှစ်ရာခိုင်နှုန်း အခွန်ဆောင်၍ လည်းကောင်း၊ ရေထွက်ကုန် စင်းလုံးပြတ်တင်ပို့သော စက်လှေများကို နှစ်ရာခိုင်နှုန်း၊ လှေအတွက် ၅ ဒေါ်လာနှင့် မှတ်ပုံတင်ကြေးဒေါ်လာ ၅၀ ကို မြန်မာငွေဖြင့် အခွန်သွင်း၍ ရေထွက်ကုန်များ တင်ပို့ခွင့်ပြုလျက်ရှိကြောင်း သိရသည်။



ဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်းကိုအဓိကတင်ပို့လျက်ရှိပြီး ကုန်ခြောက်အဖြစ် ကြက်သွန်၊ မန်ကျည်းသီး၊ ချင်း၊ ဆီးသီးခြောက်နှင့် အခြားကုန်ခြောက် အချို့ကို တင်ပို့လျက်ရှိကာ သွင်းကုန်အဖြစ် ပလေကပ်ပုဆိုး၊ ပလတ်စတစ်ဂါလီပုံး၊ ညှပ်ဖိနပ်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းအချို့ ဝင်ရောက်မှုဖြင့် သွင်းကုန်ထက် ပို့ကုန်များသော နိုင်ငံခြားဝင်ငွေရရှိနေသည့် နယ်စပ်ဂိတ်တစ်ခုဖြစ်သည်။

ပြီးခဲ့သော မီနီဘတ်ဂျက်ခြောက်လတွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်တန်ချိန် စုစုပေါင်း ၁၁၀၀၀ ကျော်တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရရှိခဲ့ပြီး ယခင်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း၊ ၅ ဒသမ ၃ သန်း ခန့်ရရှိခဲ့၍ ရေထွက်ကုန်တိုးမြှင့်တင်ပို့နိုင်မှုဖြင့် ယခင်ထက် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိခဲ့သည်။ ဧပြီလတွင် ကုန်စည်စီးဆင်းမှုအေးစက်ခဲ့သော ရခိုင်ပြည်နယ် ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးသည် မေလတွင် ပြန်လည်အသက်ဝင်လာခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ - ကနူး**




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ သာသနဝမ္ဗူကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ မာန်အောင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်နှင့် ဟိုပန်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်တို့သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ လိပ်ဥကုန်းမိုးကုတ်ဝိပဿနာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနဝန်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂) နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက် ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၂၀၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၃၉ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့နယ်နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*○ ကျောဖုံးမှ*

ပြုလုပ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၁၁ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ပြိုင်ပွဲဝင်အသင်းအရေအတွက် အများဆုံးလည်းဖြစ်ခဲ့သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀နှင့် ၂၀၂၁ ခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်မှသာ ပြန်လည်ပြုလုပ်နိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အခက်အခဲမရှိသော်လည်း ဆီမီးဖိုင်နယ်တွင်မူ ထိုင်း၊ ဩစတြေးလျ၊ ဖိလစ်ပိုင်တို့အနက် တစ်သင်း သင်းနှင့် တွေ့ဆုံဖွယ်ရှိနေသည်။

မြန်မာအသင်းသည် မေလတွင် ယှဉ်ပြိုင်ခဲ့သည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် မကြာမီ လေ့ကျင့်ပြင်ဆင် သွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၀၇ ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် အောင်မြင်မှုမရဘဲ အမြင့်ဆုံး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ အာဆီယံ အမျိုးသမီးပြိုင်ပွဲ ကို ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့သော်လည်း နှစ်စဉ်မကျင်းပနိုင်သဖြင့် ယခုနှစ်တွင် (၁၂) ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် (၁၁) ကြိမ်တွင် ထိုင်းအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက သုံးကြိမ်၊ မြန်မာအသင်းက နှစ်ကြိမ်၊ ဂျပန်နှင့် ဩစတြေးလျတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ ယင်းပြိုင်ပွဲတွင် ယခင်ကပြိုင်ပွဲဝင်အသင်းအရေအတွက် နည်းပါးသဖြင့် အရှေ့တောင်အာရှပြင်ပမှ အသင်းများကို ဖိတ်ခေါ်ကာ ယှဉ်ပြိုင်စေခဲ့သည်။ **ရဲရင့်လွင်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်

**နေပြည်တော် မေ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၄၅၆ ဦးအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူသည်။

**သတင်းစဉ်**

## ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားသူ ဦးလွင်ဦး(လွင်ဦးစာပေ)သည်(၂၇-၅-၂၀၂၂) ရက်နေ့၌ Lwin Oo Book Store အင်တာနက်စာမျက်နှာတွင် Ronan Lee ၏ MYANMAR'S ROHINGYA GENOCIDE စာအုပ်ကို တင်သွင်း၊ ထုတ်ဝေ၊ ဖြန့်ချိရောင်းချခဲ့ကြောင်းတွေ့ရှိရပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ၎င်းအားထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းစာပေတိုက်အနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၃၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## အာဆီယံဉာဏ်စမ်းပဟေဠိ(နိုင်ငံအဆင့်) ပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများ ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်

**ရန်ကုန် မေ ၃၀**

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ (နိုင်ငံအဆင့်) (10th ASEAN Quiz –National Level) ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၃၄ ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အထက-၁ (စမ်းချောင်း) ၌ ရေးဖြေစာမေးပွဲဖြေဆိုခြင်း (ယာပုံ) နှင့် မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်းများအား အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာအသိုက်အဝန်း (APSC)၊ အာဆီယံစီးပွားရေးဆိုင်ရာ အသိုက်အဝန်း (AEC) နှင့် အာဆီယံလူမှုရေး - ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း(ASCC) မဏ္ဍိုင် သုံးရပ်တို့၏ တာဝန်ခံဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနနှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က စိစစ်အကဲဖြတ်ပေးကြသည်။

ယနေ့ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူ ၃၄ ဦး၏ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှု ရမှတ်များအား စုပေါင်းပြီး အမှတ်အများဆုံးရရှိကြသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား အကဲဖြတ်ဒိုင်အဖွဲ့က စိစစ်၍ဆုံးဖြတ်ခဲ့ရာ အထက(၁)ဒဂုံမှ မောင်ဇော်ဘုန်းသန့်၊ အထက(၁)ဘားအံမှ မနှင်းပွင့်အောင်၊ အထက(၁)ဒဂုံမှ မဟေမာနဝင့်အောင်၊ အထက(၁)ဒဂုံမှ မစိုးရတီထွန်း၊ အထက (တပ်ကြီးကုန်း)မှော်ဘီမှ မဟေဝန်းဝဿန်၊ အထက(၁)ဒဂုံမှ မရွှန်းလဲ့ဝေ၊ အထက(၈) အောင်မြေသာစံ မန္တလေးမှ မမေသဲဖြူအုန်း၊ အထက(၁)ဒဂုံမှ မောင်ပြည့်စုံချမ်းသာ၊ အထက(၁)ဒဂုံမှ မောင်ဟိန်းလင်းထက်နှင့် အထက(၁)ဘားအံမှ မောင်မျိုးဇက်အောင်တို့အား ရွေးချယ်ခဲ့သဖြင့် ယင်းကျောင်းသား ကျောင်းသူများသည် ဇွန် ၁ ရက်တွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးအစီအစဉ်ဖြင့် ကျင်းပပြုလုပ်မည့် 10th ASEAN Quiz (National Level) ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။



အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို အာဆီယံဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဗဟုသုတများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်များနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ အာဆီယံဆိုင်ရာ ဗဟုသုတများကို မျိုးဆက်သစ်လူငယ်များ ပိုမိုသိရှိနားလည်နိုင်စေရန်၊ အာဆီယံနိုင်ငံများအကြား မိတ်ဆွေဖြစ်ဆက်ဆံရေးများ၊ အပြန်အလှန်နားလည်မှုများကို မြှင့်တင်နိုင်စေရန်၊ အာဆီယံ၏ ရည်မှန်းချက်ပန်းတိုင်ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပြည်သူများ အတူလက်တွဲကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် နှစ်နှစ်လျှင်တစ်ကြိမ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်အဖြစ် အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အာဆီယံဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယခုကျင်းပလျက်ရှိသည့် အာဆီယံဉာဏ်စမ်းပဟေဠိ (နိုင်ငံအဆင့်)ပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသူ သုံးဦးတို့မှာ ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ (ဒေသတွင်းအဆင့်)(10th ASEAN Quiz – Regional Level) ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟက်ဒါဖီးလ်ကိုအနိုင်ရရှိသည့် နော်တင်ဟမ်တို့ ၂၃ နှစ်အကြာတွင် ပရီမီယာလိဂ်ကို တစ်ကျော့ပြန်တန်းတက်ခွင့်ရ



ချန်ပီယံရှစ် ရှုံးထွက်ဖိုင်နယ်ပွဲမှ ဟက်ဒါဖီးလ်နှင့် နော်တင်ဟမ် ဖောရက်စ် အသင်းတို့ပွဲစဉ်ကို မေ ၂၉ ရက် ညပိုင်းက ဝင်ဘလေကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ နော်တင်ဟမ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ်သို့ ၂၃ နှစ်အကြာတွင် တစ်ကျော့ပြန် တန်းတက်ခွင့်ရရှိခဲ့သည်။

ဖူလ်ဟမ်အသင်းနှင့် ဘုန်းမောက်အသင်းတို့သည် ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး နော်တင်ဟမ်အသင်းက ရှုံးထွက်မှတစ်ဆင့် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်သည် နည်းပြခရစ္စဟောက်တန် လက်ထက်ရာသီအစ ပွဲစဉ်ခုနစ်ပွဲတွင် တစ်မှတ်သာရရှိပြီး နှစ်ပေါင်း ၁၀၈ နှစ်အတွင်း အဆိုးရွားဆုံးမှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။ သို့သော်လည်း နည်းပြသစ်စတိကူပါးလက်ထက်တွင် နော်တင်ဟမ်အသင်း၏ ခြေစွမ်းရေရလဒ်ပိုင်းပါ တိုးတက်ကောင်းမွန်လာပြီးနောက် ရာသီအကုန်တွင် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်လက်ကျန် တစ်နေရာကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၄၃ မိနစ်တွင် ဟက်ဒါဖီးလ်အသင်းမှ ကိုဝဲလ် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ နော်တင်ဟမ်အသင်းဂိုးရရှိခဲ့သည်။ ဟက်ဒါဖီးလ်အသင်းသည် ဒုတိယပိုင်းတွင် နော်တင်ဟမ်အသင်းကို ဖိအားပေး ကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ် အားနည်းသည့်အတွက် လိုအပ်သည့် နိုင်ပွဲနှင့် ဝေးကွာခဲ့ရသည်။

**အောင်ဇော်**

# တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် သက်တမ်း နှစ် ၅၀၀ ကျော်ရှိ ဗုဒ္ဓရုပ်ပွားတော် လိုဏ်ဂူတစ်လုံး တွေ့ရှိ

**ဟူဘေး မေ ၂၀**

တရုတ်နိုင်ငံ မြောက်ပိုင်း ဟူဘေးပြည်နယ်တွင် မင်မင်းဆက် (၁၃၆၈-၁၆၄၄) မှ ဗုဒ္ဓရုပ်ပွားတော် အဆူ ၂၀ ရှိသော လိုဏ်ဂူတစ်လုံးကို ရှာဖွေတွေ့ရှိကြောင်း ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ကာကွယ်ရေးအာဏာပိုင်များက ပြောသည်။

၁၅၀၃ ခုနှစ်က တည်ဆောက်ခဲ့ပြီး အမြင့် မီတာ ၁၂၀၀ ရှိသော အဆိုပါ လိုဏ်ဂူသည် ဘေပန်းရှီရွာ တောင်စောင်းတွင်တည်ရှိကြောင်း၊ အဆိုပါလိုဏ်ဂူ၏ အကျယ်သည် ၅ ဒသမ ၈ မီတာရှိပြီး အမြင့်မှာ ၂ ဒသမ ၈ မီတာရှိကြောင်း၊ ကိုယ်ဟန်အမူအရာ ကွဲပြားသော အဆိုပါ ဗုဒ္ဓကျောက်ဆင်းတုရုပ်ပွားတော် အဆူ ၂၀ သည် လိုဏ်ဂူအတွင်းရှိ ပန်းပုအောက်ခံ ကျောက်တုံးပေါ်တွင် တည်ထားကြောင်း သိရသည်။

အမြင့် ၂ မီတာနှင့် အကျယ် ၀ ဒသမ ၆၉ မီတာရှိသော ကျောက်စာတိုင် တစ်ခုကို လိုဏ်ဂူ၏အပြင်ဘက်တွင် တွေ့ရှိကြောင်း၊ သစ်ပင်များ ခုတ်ထစ်ရန်၊ တောင်ယာများ စိုက်ပျိုးရန်နှင့် ဗုဒ္ဓရုပ်ပွားတော်များ ဆောက်လုပ်ရန်အတွက် ဒေသခံမိသားစု၏ ဘိုးဘေးဘီဘင်များသည် အခြားရွာမှ ယခုရွာသို့ ပြောင်းရွှေ့လာခဲ့ကြသည်ဟု အဆိုပါကျောက်စာ တိုင်ပေါ်တွင် ကမ္ဗည်းစာတန်းရေးထိုးထားကြောင်း ရှာဟီးစီးတီးရှိ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဖြစ်သူ ဟန်ဇီကျန်းက ပြောသည်။

ဆင်ဟွာ

# ကမ္ဘာ့ဘဏ်က သီရိလင်္ကာနိုင်ငံကို အမေရိကန်ဒေါ်လာ သန်း ၇၀၀ ပေးအပ်မည်

**ကိုလံဘို မေ ၂၀**



ကမ္ဘာ့ဘဏ်က သီရိလင်္ကာနိုင်ငံကို လာမည့် လအနည်းငယ်အတွင်း ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ထုတ်ပေးမည်ဖြစ်ကြောင်း သီရိလင်္ကာ နိုင်ငံခြားရေး ဝန်ကြီးက မေ ၂၀ ရက်တွင် ကြေညာခဲ့သည်။

ကမ္ဘာ့ဘဏ်၏ သီရိလင်္ကာ နိုင်ငံဆိုင်ရာ မန်နေဂျာ ချီယို ကန်ဒါက သီရိလင်္ကာနိုင်ငံခြားရေး ဝန်ကြီး ဂျီအယ်လ် ပီရက်စ်နှင့် ဆွေးနွေးပွဲကျင်းပစဉ် အမေရိကန် ဒေါ်လာ သန်း ၇၀၀ ပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

တွေ့ဆုံစဉ် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများမှတစ်ဆင့် ရေရှည်အကူ အညီများ အကောင်အထည်ပေါ် လာသည်အထိ ကမ္ဘာ့ဘဏ်ထံမှ ဝန်ကြီးက အကူအညီတောင်းဆိုခဲ့သည်။

ရေရှည်တည်တံ့သော ဖြေရှင်းနည်းများမတွေ့မချင်း ကမ္ဘာ့ဘဏ်ထံမှ ကာလတိုဘဏ္ဍာရေးအကူ အညီများကို လိုလားကြောင်း သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

၎င်း၏ရုံးသည် အာရှဖွံ့ဖြိုးရေး ဘဏ်၊ အာရှအခြေခံအဆောက် အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်နှင့် ကုလသမဂ္ဂရုံးတို့ကဲ့သို့သော အခြား အဖွဲ့အစည်းများနှင့် အလုပ်လုပ် နေကြောင်း ကမ္ဘာ့ဘဏ်မန်နေဂျာ ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံခြား ငွေပြတ်လပ်မှုကို ဆိုးရွားစွာ ရင်ဆိုင်နေရကြောင်း သိရသည်။

ဆင်ဟွာ

# လူ ၂၂ ဦးပါ နီပေါပျက်ကျခရီးသည်တင်လေယာဉ်မှ ရုပ်အလောင်း ၂၁ ခု တွေ့ရှိ

**ခတ္တမန္ဒူ မေ ၂၀**

နီပေါနိုင်ငံ မူစတန်ခရိုင်ရှိ ဝေးလံခေါင်ဖျားသော တောင်ကုန်းဒေသ တစ်ခုတွင် လူ ၂၂ ဦးပါ နီပေါ ပျက်ကျခရီးသည်တင် လေယာဉ်တစ်စင်းမှ ရုပ်အလောင်း ၂၁ ခု ကို တွေ့ရှိပြီဖြစ်ကြောင်း ဒေသန္တရ အစိုးရက မေ ၂၀ ရက်တွင် ပြောသည်။



ပျက်ကျသည့် လေယာဉ်ကို တွေ့ရှိသောနေရာ။

အဆိုပါ လူ ၂၁ ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ပြီဖြစ်ပြီး တစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ရုပ်အလောင်း ၁၀ ခုကို ရဟတ်ယာဉ်ဖြင့် ခတ္တမန္ဒူသို့ ပို့ဆောင်လိုက်ပြီ ဖြစ်ကြောင်း မူစတန်ခရိုင် အကြီးအကဲဖြစ်သူ နီထရာ ပါရာဆတ် ရှာမာ က ပြောသည်။

အဆိုပါ ခရီးသည်တင် လေယာဉ် ပျက်ကျရာနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၁၀၀ အမြင့်တွင်ရှိကြောင်း၊ အလောင်းများမှာလည်း ပြန့်ကျဲနေကြောင်း လေယာဉ်ပျက်ကျရာ နေရာမှ ဟိုတယ်ပိုင်ရှင်တစ်ဦး ဖြစ်သူ အင်ဒရာ ဆင့်ဂ် ရှာရှန်း က ပြောသည်။

အိန္ဒိယနိုင်ငံသား လေးဦးနှင့် ဂျာမနီနိုင်ငံသား နှစ်ဦးအပါအဝင် ခရီးသည် ၁၉ ဦးနှင့် လေယာဉ် အမှုထမ်း သုံးဦးပါသော အဆိုပါ လေယာဉ်သည် ပိုခါရာလေဆိပ်မှ မူစတန်ခရိုင် ဂျွန်ဆမ်လေဆိပ်သို့ ဦးတည်ပျံသန်းစဉ် မေ ၂၉ ရက် နံနက်ပိုင်းက ပျောက်ဆုံးသွားခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမငါးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းလာ

❖ ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက် တစ်နှစ် ကျဆင်းလျက်ရှိရာ ယခုနှစ် ပထမငါးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၇၁ ဘီလီယံခန့်သာရှိသည့်အတွက် ၁၆ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဖော်ပြသည်။ အဆိုပါ ကာလအတွင်း ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံ (အက်ဖ်ဒီအိုင်) စီမံချက် အသစ် ၅၇၈ ခုကို လိုင်စင်ထုတ်ပေးခဲ့ကြောင်း၊ စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၂ ဘီလီယံရှိခဲ့သောကြောင့် ပမာဏအားဖြင့် ၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ငွေလုံး ငွေရင်းအသုံးစရိတ်အားဖြင့် ၅၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

### ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှု သေဆုံးသူ ၅၆ ဦးအထိ ရှိလာ

❖ ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပါနမ်ဘူကိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၅၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက မေ ၂၉ ရက်တွင် ပြောသည်။ လူ ၅၆ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ရေကြီးမှုနှင့် မြေပြိုမှုကြောင့် လူ ၄၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ ပါနမ်ဘူကို ပြည်နယ်၏မြို့တော် ရီဆိုက်ဖ်စီးတီးသည် မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကို အများဆုံးကြုံတွေ့ခံစားရပြီး သေဆုံးသူ ၃၀ ကျော်အထိရှိကြောင်း၊ ထို့အပြင် အလာဂိုအပ်စ် ပြည်နယ်သည်လည်း မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကို ကြုံတွေ့ခဲ့ရပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ထို့အပြင် ရေကြီးမှုကြောင့် လူ ၇၀၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။

### အီရန်နိုင်ငံ၌ ၁၀ ထပ်တိုက်ပြိုကျမှု ရုပ်အလောင်း ၃၂ ခုကို တွေ့ရှိ

❖ အီရန်နိုင်ငံအနောက်တောင်ပိုင်း အဘာဒင်းမြို့ရှိ ၁၀ ထပ်တိုက် စီးပွားရေးအဆောက်အအုံတစ်လုံး ပြိုကျမှုမှ ၃၂ ဦး၏ ရုပ်အလောင်းကို တွေ့ရှိပြီဖြစ်ကြောင်း အီရန်နိုင်ငံသတင်း ဌာနတစ်ခုဖြစ်သည့် အိုင်အာရ်အင်အေက မေ ၃၀ ရက်တွင် ဖော်ပြထားသည်။ ကူဇက်စတန်ပြည်နယ်ရှိ အဆောက်အအုံ ပြိုကျရာနေရာမှ ကျန်ရှိသော ပိတ်မိနေသူများကို ရှာဖွေရန် အတွက် ကယ်ဆယ်ရေးသမားများသည် အပျက်အစီးများကို အင်တိုက်အားတိုက် ဖယ်ရှားနေကြောင်း၊ ပျောက်ဆုံးနေသူ အရေအတွက်ကို တိတိကျကျမသိရသေးသော်လည်း အပျက် အစီးများအောက်တွင် ပိတ်မိနေသူ ၃၅ ဦးခန့် ရှိနိုင်ကြောင်း သိရသည်။

### နိုင်ဂျီးရီးယားနိုင်ငံ၌ Monkeypox ရောဂါ အတည်ပြုလူနာ ၂၁ ဦး တွေ့ရှိ

❖ နိုင်ဂျီးရီးယားနိုင်ငံ၌ ပြည်နယ်ကိုးခုတွင် Monkeypox ရောဂါ ကူးစက်ဖြစ်ပွားသူ ၂၁ ဦး အတည်ပြုတွေ့ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလက တစ်ဦးသေဆုံးကြောင်း နိုင်ဂျီးရီးယား ရောဂါထိန်းချုပ်ရေးစင်တာ (NCDC) က မေ ၂၉ ရက်နှောင်းပိုင်း က ပြောကြားသည်။ နိုင်ဂျီးရီးယားရောဂါထိန်းချုပ်ရေးဌာန ၏ ထုတ်ပြန်ချက်အရ ယခုနှစ်တွင် နိုင်ငံအတွင်း ပြည်နယ် ၂၀ ကျော်၌ ယင်းရောဂါသံသယရှိသူ ၆၆ ဦး ရှိကြောင်း သိရ သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် အသက် ၄၀ ရှိ Monkeypox ရောဂါအတည်ပြုလူနာ တစ်ဦးသေဆုံးခဲ့ပြီး ၎င်းမှာ ရောဂါအခံ ရှိကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

# အင်ဒိုနီးရှား၌ ပျောက်ဆုံးသင်္ဘောရှာဖွေကယ်ဆယ်မှုများလုပ်ဆောင်ရာတွင် အသက်ရှင်လျက်ပြန်လည်တွေ့ရှိခဲ့သူ ၃၁ ဦးအထိရှိ

**ဂျကာတာ မေ ၃၀**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း၌ နစ်မြုပ်ပျောက်ဆုံးခဲ့သော သင်္ဘောကိုရှာဖွေရန် ကယ်ဆယ်ရေးသမားများသည် သင်္ဘောနစ်မြုပ်ရာနေရာ၏ အရှေ့မြောက်ဘက် ရေမိုင် ၄၅ မိုင် (၈၃ ကီလိုမီတာ) အထိ တိုးချဲ့ရှာဖွေလျက်ရှိသည်။

အဘယ်ကြောင့်ဆိုသော် အဆိုပါနေရာ၌ သင်္ဘောနစ်မြုပ်မှုတွင် အသက်ဘေးကြုံတွေ့ခဲ့သူများကို အများဆုံးရှာဖွေတွေ့ရှိခဲ့သောကြောင့်ဖြစ်ကြောင်း ဆူလာဝေဆီတောင်ပိုင်းပြည်နယ် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးရုံးတာဝန်ခံနှင့် ကယ်ဆယ်ရေးသမား မွတ်တီအလီက ပြောကြားလိုက်သည်။

ဆူလာဝေဆီတောင်ပိုင်းပြည်နယ် မာကာဆာရေလက်ကြား သင်္ဘောနစ်မြုပ်မှုတွင် အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့သူအရေအတွက်မှာ ယခုဆိုလျှင် ၃၁ ဦးအထိ ရောက်ရှိလာပြီဖြစ်သော်လည်း ၁၁ ဦးမှာ ဆက်လက်ပျောက်ဆုံးလျက်ရှိသည်။

ယနေ့ ကယ်ဆယ်ရေးများကို ခဏရပ်ပြီး မနက်ဖြန်တွင် ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း၊ တချို့သင်္ဘောများမှာ ကမ်းသို့ပြန်ကပ်ပြီး တချို့သင်္ဘောများမှာ ပင်လယ်ပြင်တွင် ဆက်လက်ကျန်ရစ်ခဲ့မည်ဖြစ်ကြောင်း မွတ်တီအလီက ပြောကြားလိုက်သည်။

အဆိုပါသင်္ဘောသည် မေ ၂၆ ရက်က လှိုင်းလုံးကြီးများကြားတွင် နစ်မြုပ်ပျောက်ဆုံးခဲ့သော်လည်း အဆိုပါဖြစ်စဉ်ကို မေ ၂၈ ရက်ရောက်မှသာ သက်ဆိုင်ရာ တာဝန်ရှိသူများကို သတင်းပေးပို့ခဲ့ကြောင်း ကယ်ဆယ်ရေးနှင့် ရှာဖွေရေးရုံး အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ဝါဟစ်ဒီဂျေက ပြောသည်။

လှိုင်းလုံးကြီးများနှင့်ဆုံတွေ့စဉ် သင်္ဘောမှာ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ



ပျောက်ဆုံးသင်္ဘောကို ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၄၃၁၅၅၇၄၉ ဦးအထိတိုးလာ

**နယူးဒေလီ မေ ၃၀**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၀၆ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၄၃၁၅၅၇၄၉ ဦးအထိ တိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များအရ သိရသည်။

ထို့အပြင် နိုင်ငံတစ်ဝန်း မေ ၂၉ ရက်ကတည်းက ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးရှုံးခဲ့သူ ၂၅ ဦး တိုးလာသည့်အတွက် ယခုအခါတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသွားသူ ၅၂၄၆၁၁ ဦး ရှိလာပြီဖြစ်သည်။

လတ်တလော ကိုဗစ်-၁၉ ဖြစ်ပွားနေသူ ၁၇၆၉၈ ဦးရှိသည်။ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၁၁ ဦး တိုးလာသည်။

ယခုအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ၄၂၆၁၃၄၄၀ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## ရှန်ဟိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်အသစ် ထပ်မံတွေ့ရှိမှုသည် သီတင်းပတ် ၁၁ ပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၀၀ အောက်ကျဆင်း

**ရှန်ဟိုင်း မေ ၃၀**

ရှန်ဟိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်အသစ် ထပ်မံတွေ့ရှိမှုသည် သီတင်းပတ် ၁၁ ပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၀၀ အောက် ကျဆင်းခဲ့သည်။

ရှန်ဟိုင်းအာဏာပိုင်များက ကိုဗစ်-၁၉ အန္တရာယ်အနိမ့်ဆုံးဒေသရှိ အိမ်ရာများတွင် နေထိုင်သူများသည် ဇွန် ၁ ရက်မှစကာ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

သက်ဆိုင်ရာအရာရှိများက ပုံမှန်လူနေမှုဘဝမျိုး ပြန်လည်ရောက်ရှိရန်နှင့် စီးပွားရေးဆောင်ရွက်ချက်များကိုလည်း ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထို့အတူ ဒေသခံ ၉၀ ရာခိုင်နှုန်း (ပြည်သူ ၂၂ သန်း) ခန့်ကိုလည်း အပြင်ထွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းသိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားသူ စတင်မကျဆင်းမီက တရုတ်နိုင်ငံ စီးပွားရေးမြို့ဖြစ်သည့် ရှန်ဟိုင်းတွင် ဧပြီလ အချို့ရက်များ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၀၀၀ အောက်အထိ မြင့်တက်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့ရာ တနင်္ဂနွေနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၀ ရှိခဲ့သည်။

မတ် ၁၂ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀ အောက် ကျဆင်းခဲ့သည်။ ၎င်းပမာဏသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုမချမှတ်ခင် သီတင်းပတ် နှစ်ပတ်အလိုက ဖြစ်သည်။

စီးပွားရေး ဆောင်ရွက်ချက်များကို အလျင်အမြန် ပြန်လည်စတင်ခွင့်ပေးလိုက်ခြင်းက အပြင်ထွက်ခွင့်နှစ်လကြာ ကန့်သတ်ထားခဲ့သည့် မြို့နေဒေသခံများအတွက် ကြီးမားသည့်စိန်ခေါ်မှုဖြစ်လာနိုင်သည်။

အရည်အချင်းရှိသည့်၊ လုပ်ရည်ကိုင်ရည်ရှိသည့် စီးပွားရေးလုပ်ငန်းများအတွက် အခွန်များကို လျှော့ချပေးမည်ဖြစ်သလို ပုံမှန်ကားထုတ်လုပ်မှုမှသည် လျှပ်စစ်ကားဘက်သို့ ကူးပြောင်းထုတ်လုပ်သူများကိုလည်း ငွေကြေးထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက သတင်းထောက်များကို မေ ၂၉ ရက်က ပြောကြားလိုက်သည်။

စက်ရုံများ စီးပွားရေးလုပ်ငန်းများကို ဇွန် ၁ ရက်နေ့နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။ **ဆင်ဟွာ**




မြို့ဝင်နေရာများတွင် ကိုဗစ်-၁၉ စစ်ဆေးနေသည့် တာဝန်ရှိသူများကို တွေ့ရစဉ်။

## တရုတ်နိုင်ငံတွင် ခာတ်ဆီနှင့် ဒီဇယ် လက်လီအရောင်းဈေး မြင့်တက်မည်

**ပေကျင်း မေ ၃၀**


တရုတ်နိုင်ငံတွင် မေ ၃၁ ရက်မှစကာ ခာတ်ဆီနှင့် ဒီဇယ်တို့၏ လက်လီအရောင်းဈေးမှာ မြင့်တက်လာမည်ဖြစ်ကြောင်း နိုင်ငံထိပ်တန်းစီးပွားရေးအဖွဲ့က မေ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

မကြာသေးမီက ပြောင်းလဲမှုများဖြစ်ပေါ်လာသော နိုင်ငံတကာ လောင်စာဆီဈေးကွက်ကို အခြေခံ၍ ခာတ်ဆီနှင့် ဒီဇယ်လက်လီရောင်းဈေးမှာ တစ်တန်လျှင် ခာတ်ဆီလက်လီရောင်းဈေးမှာ ယွမ် ၄၀၀ (အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၆၆ ဒေါ်လာ) ဒီဇယ်လက်လီရောင်းဈေးမှာ ယွမ် ၃၉၀ အထိ တက်လာမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ရေးကော်မရှင်က ထုတ်ပြန်လိုက်သည်။

ယခုလို လောင်စာဆီဈေးနှုန်း မြင့်တက်မှုသည် လွန်ခဲ့သည့်နှစ်ကုန်ကတည်းကစတင်ကာ ၁၀ ကြိမ်မြောက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## တရုတ်နိုင်ငံအကောက်ခွန်အရာရှိများက နိုင်ငံဝင်ပေါက်များမှတစ်ဆင့် monkeypox ရောဂါဝင်ရောက်လာမည်ကို ကြိုတင်ကာကွယ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိ



Monkeypox ရောဂါ ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ကို တွေ့ရစဉ်။

**ပေကျင်း မေ ၃၀**

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်နေချိန်တွင် တရုတ်နိုင်ငံအကောက်ခွန်အရာရှိများက နိုင်ငံဝင်ပေါက်များမှတစ်ဆင့် Monkeypox ရောဂါဝင်ရောက်လာမည်ကို ကြိုတင်ကာကွယ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးမှူးရုံး (GAC) က မေ ၃၀ ရက်တွင် တရားဝင် ထုတ်ပြန်လိုက်သည်။

GAC က Monkeypox နှင့်သက်ဆိုင်သော သတိပေးချက်များ ထုတ်ပြန်ရန်၊ ခန္ဓာကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် တင်းကျပ်သည့် ဆောင်ရွက်ချက်များလုပ်ဆောင်ရန်၊ နေရပ်ပြန်ခရီးသည်များကို ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများပြုလုပ်ရန် ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

အကောက်ခွန်အာဏာပိုင်များသည် နိုင်ငံခြားမှဝင်ရောက်လာသည့် ကုန်ပစ္စည်းများနှင့် တိရစ္ဆာန်များကို သီးခြားကန့်သတ်စောင့်ကြည့်မှုကာလအား တိုးမြှင့်ခဲ့သည်။ ထို့အတူ ခာတ်ခွဲခန်းများ၏ ဇီဝလုံခြုံရေးစီမံခန့်ခွဲမှုများကိုလည်း ပိုကောင်းအောင် ဆောင်ရွက်စေခဲ့သလို စစ်ဆေးမှုအတွက်လည်း တိကျပြီး အကောင်အထည်ပြနိုင်သည့် ပြင်ဆင်မှုများကို ဆောင်ရွက်စေခဲ့သည်။

ထို့အပြင် GAC သည် နိုင်ငံခြားမှ ဝင်ရောက်လာနိုင်သည့် Monkeypox ရောဂါကို တင်းကျပ်စွာ ဟန့်တားကာကွယ်ရန် တခြားသော အစိုးရဌာနများနှင့်လည်း ပူးပေါင်းခဲ့သည်။

နိုင်ငံတွင်း နိုင်ငံပသို့ သွားရောက်မည့် ခရီးသည်များအနေဖြင့် ဖျားနာခြင်း သို့မဟုတ် ဖျားချင်သလိုဖြစ်နေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်းရှိပါက အကောက်ခွန်အရာရှိများထံ မိမိအသိစိတ်နှင့် သတင်းပို့ရမည်ဖြစ်ကြောင်း GAC က သတင်းထုတ်ပြန်လိုက်သည်။

ဆင်ဟွာ

# အရှေ့တောင်အာရှရဲ့ အကြီးဆုံးစီးပွားရေးစီးဆင်းလည်ပတ်ရာ အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ စီးပွားရေးများလည်း ဖွံ့ဖြိုးတိုးတက်လာ

ထွန်းကျော်

**အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားအထင်ကရနေရာတွေကို လာရောက်ကြတဲ့ နိုင်ငံခြားသားခရီးသည်အရေအတွက်ဟာ မှတ်တမ်းတင်ရလောက်အောင် များလာခဲ့ပါတယ်။ ဒါဟာ ကိုဗစ်-၁၉ ကြောင့် နှစ်နှစ်ကြာပိတ်ထားပြီးနောက်မှာ ပထမဆုံး ခရီးသွားများပြားလာခဲ့တာဖြစ်ပါတယ်။**



ဘာလီကျွန်းတွင် ဝေလငါးစောင့်ကြည့်ရန် ရိုးရာလှေစီးနေကြသည့် ခရီးသွားများကို တွေ့ရစဉ်။

**ခရီးသွားတွေစည်ကားများပြား**

ခရီးသွားနဲ့ စီးပွားရေးဖန်တီးမှု ဝန်ကြီး ဆန်ဒီယာဂါအူနိုက အင်ဒိုနီးရှားနိုင်ငံရဲ့ ကမ္ဘာ့အထင်ကရနေရာတွေကို အုံနဲ့ကျင်းနဲ့ ဝင်ရောက်လာကြတဲ့ ခရီးသွားတွေနဲ့ ပြည့်နေတာပဲလို့ ပြောပါတယ်။ အဲဒီလိုခရီးသွားတွေ အုံနဲ့ကျင်းနဲ့ ဝင်ရောက်ခဲ့တဲ့အတွက် ခရီးသွားကဏ္ဍမှာ ရူပီး ၇၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ) လောက် တိုးတက်ရရှိလာခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ အထင်ကရနေရာတွေကို လာရောက်လည်ပတ်တဲ့ ခရီးသွားတွေဟာ ပွဲတော်ရာသီမှာ အလွန်စည်ကားများပြားလှပါတယ်။ အစိုးရက နိုင်ငံတကာ ခရီးသွားတွေအတွက် ဘာသာရေးပွဲတော်လာရောက်ဖို့ ခွင့်ပြုချက်ပေးလိုက်လို့ပဲ ဖြစ်ပါတယ်။

**၈၅ သန်းထက်မနည်းရှိ**

ဒီပွဲတော်ရာသီမှာ အနယ်နယ်အရပ်ရပ်က အလုပ်သမားတွေဟာ မိသားစုတွေ ပြန်လည်ဆုံတွေ့ဖို့ သူတို့ရဲ့ မွေးရပ်မြေအသီးသီးကို ပြန်လာကြတဲ့အချိန်အခါလည်း ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်မှာတော့ အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အစိုးရရဲ့ လူမှုရေးဆိုင်ရာ ကန့်သတ်ချက်တွေ ဖြေလျှော့ပေးလိုက်တဲ့အတွက် မိသားစုပြန်လည်ဆုံစည်းဖို့ မွေးရပ်မြေပြန်သူတွေနဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ ကမ္ဘာ့အထင်ကရနေရာတွေကို သွားရောက်လည်ပတ်တဲ့ ခရီးသွားအရေအတွက်ဟာ ၈၅ သန်းထက်မနည်းဘူးလို့ သတင်းထုတ်ပြန်ဖော်ပြထားပါတယ်။

**ထင်ရှားကျော်ကြားတဲ့ နေရာတွေကို လာရောက်လည်ပတ်သူတွေ စည်ကား**

အင်ဒိုနီးရှားနိုင်ငံရဲ့ နာမည်ကျော် ခရီးသွားနေရာတွေအနက် ခရီးသည် အများဆုံး လာရောက်လည်ပတ်တဲ့ နေရာတွေကတော့ ဘာလီကမ်းခြေ အပန်းဖြေစခန်း၊ မြောက်ဂျကာတာမှာရှိတဲ့ အန်ကိုစိတ်ကူးယဉ် ပန်းခြံ၊ အရှေ့ဂျကာတာမှာရှိတဲ့ တာမန်မီနီအင်ဒါ ယဉ်ကျေးမှုပန်းခြံတို့ပဲ ဖြစ်ကြပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ နာမည်ကျော်ကြား လူရောက်များတဲ့ ဘာလီကမ်းခြေအပန်းဖြေစခန်း တစ်ခုတည်းကပဲ ရရှိခဲ့တဲ့ ဝင်ငွေဟာ ရူပီး ဘီလီယံ ၂၅၀ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂ သန်း) ရှိပါတယ်လို့ အူနိုက ပြောကြားခဲ့ပါတယ်။

**ပြည်တွင်းပြည်ပခရီးသွားတွေများပြား**

အင်ဒိုနီးရှားနိုင်ငံ ဟိုတယ်နဲ့ စားသောက်ဆိုင်အသင်း ဒုတိယဥက္ကဋ္ဌ အီဂက်စ်တီ အော်ဂန်ရိုင်ဆာယာကပွဲတော်ရာသီမှာ ဘာလီကျွန်းရဲ့ ခရီးသွားကဏ္ဍဟာ ပြည်တွင်းခရီးသွားအရေအတွက် ၃၃၀၀၀ ဖြစ်ခဲ့ပြီး ပြည်ပခရီးသွားအရေအတွက် တစ်ရက်လျှင် ၄၀၀၀ ခန့်ရှိတယ်လို့ ပြောပါတယ်။

ကပ်ရောဂါ ဖြစ်ပွားနေသည့်တိုင်အောင် အင်ဒိုနီးရှားနိုင်ငံရဲ့ နာမည်ကျော်ကြား လူရောက်များတဲ့ ဘာလီကမ်းခြေ အပန်းဖြေစခန်းကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသားခရီးသည် အရေအတွက်ဟာ တစ်ရက်ကို ၈၀၀၀ ခန့်ရှိတယ်လို့ အင်ဒိုနီးရှားနိုင်ငံ ဟိုတယ်နဲ့ စားသောက်ဆိုင်အသင်း ဒုတိယဥက္ကဋ္ဌက ပြောပါတယ်။

**နေရာလွတ်မကျန်အောင်ဖြစ်**

ဟိုတယ်တွေရဲ့ အခန်းရရှိမှုအနေအထားကတော့ နေရာလွတ် မကျန်လောက်အောင်ကို ဖြစ်ခဲ့ပါတယ်။ ဒီပမာဏဟာ အစိုးရက ပြည်သူတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို ကန့်သတ်ခဲ့တဲ့ အချိန်ကထက် ပိုများခဲ့ပါတယ်။

ဟိုတယ်ပိုင်ရှင်တွေအနေနဲ့ ၂၀၂၂ ခုနှစ်မှာ ခရီးသွားကဏ္ဍ ပြန်လည်သက်ဝင်နိုးထလာဖို့ အကောင်းမြင်တဲ့ဘက်က ဝန်ဆောင်မှုပေးဖို့ လိုတယ်လို့ အင်ဒိုနီးရှားနိုင်ငံ ဟိုတယ်နဲ့ စားသောက်ဆိုင်အသင်း ဒုတိယဥက္ကဋ္ဌက ပြောလိုက်ပါတယ်။

**အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဆောင်ရွက်မှုတွေ တိုးတက်လာ**

အစိုးရက ကန့်သတ်ချက်အတော်များများကို ဖြေလျှော့လိုက်ပြီး နိုင်ငံတကာဆိုက်ရောက်မှုတွေကို ခွင့်ပြုလိုက်ချိန် မတ်လကတည်းက အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍ ပြန်လည်နာလန်ထူလာခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်မှစကာ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဆောင်ရွက်မှုတွေ တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။

မတ်လတစ်လျှောက်လုံး နိုင်ငံတကာခရီးသွားဆိုက်ရောက်မှု ၄၀၇၉၀ ရှိခဲ့တယ်လို့ အင်ဒိုနီးရှားနိုင်ငံရဲ့ ဗဟိုစာရင်းအင်းအေဂျင်စီ (BPS) က မှတ်တမ်းတင်ခဲ့ပါတယ်။ ဒီပမာဏဟာ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၁၂၁ ဒသမ ၀၂ ရာခိုင်နှုန်းလောက် ကြောက်စရာကောင်းလောက်အောင် တိုးတက်လာခဲ့တာဖြစ်ပါတယ်။

**ဒိုမီနိုဖြစ်စဉ်ကဲ့သို့ သက်ရောက်မှုရှိ**

အရှေ့တောင်အာရှရဲ့ အကြီးဆုံးစီးပွားရေးစီးဆင်းလည်ပတ်ရာ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဟာ တစ်နှစ်ပြီးတစ်နှစ် ၅ ဒသမ ၀၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ အခုလို စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာဟာ အဓိကအားဖြင့် ဝယ်ယူသုံးစွဲမှုပြန်လည်များပြားလာခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးလာခြင်း၊ သွင်းကုန်တိုးလာခြင်းတို့ကြောင့် ဖြစ်ပါတယ်။

အင်ဒိုနီးရှား ဉာဏ်ကြီးရှင်အဖွဲ့လို့ ခေါ်တဲ့ စီးပွားရေးနဲ့ ဥပဒေရေးရာလေ့လာရေးစင်တာရဲ့ စီးပွားရေးကျွမ်းကျင်သူ ဘီမာ ယူဒစ်စတီရာက အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍဟာ တခြားကဏ္ဍတွေအပေါ်လည်း ဒိုမီနိုဖြစ်စဉ်ကဲ့သို့ သက်ရောက်မှုရှိစေပါတယ်လို့ ပြောကြားလိုက်ပါတယ်။

**ထပ်မံတိုးလာဦးမယ်**

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် တခြားကဏ္ဍတွေဖြစ်တဲ့ ပို့ဆောင်ဆက်သွယ်ရေး၊ အဝတ်အထည်၊ အစားအစာနဲ့ အဖျော်ယမကာမှသည် ဆက်သွယ်ရေးအထိ တိုးတက်မှုရှိလာခဲ့တယ်လို့ အင်ဒိုနီးရှားဉာဏ်ကြီးရှင်အဖွဲ့လို့ ခေါ်တဲ့ စီးပွားရေးနဲ့ ဥပဒေရေးရာ လေ့လာရေးစင်တာရဲ့ စီးပွားရေးကျွမ်းကျင်သူ ဘီမာ ယူဒစ်စတီရာက ဆက်လက်ပြောကြားလိုက်ပါတယ်။

၂၀၂၂ ခုနှစ် ဒုတိယလေးလပတ်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဟာ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ထပ်မံတိုးလာဦးမယ်လို့ ပြောပါတယ်။

**ကိုးကား - ဆင်ဟွာ**

❖ **အစိုးရက ကန့်သတ်ချက် အတော်များများကို ဖြေလျှော့လိုက်ပြီး နိုင်ငံတကာဆိုက်ရောက်မှုတွေကို ခွင့်ပြုလိုက်ချိန် မတ်လကတည်းက အင်ဒိုနီးရှားနိုင်ငံရဲ့ ခရီးသွားကဏ္ဍ ပြန်လည်နာလန်ထူလာခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်မှစကာ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဆောင်ရွက်မှုတွေ တိုးတက်လာခဲ့တာ ဖြစ်ပါတယ်**

# မေ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၁၆ ရာခိုင်နှုန်းရှိ

**(၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၉၈,၀၅၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၃၂၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၂၇၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၄၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၃) ခု | (၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၈၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၉၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၀၃၀) ခု | (၁) ဦး |
| **စုစုပေါင်း** | (၇,၀၂၉) ခု | (၁၁) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


ကျန်းမာရေးဝန်ကြီးဌာန

## ၃၀-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၇၁၆၂၁၄ | ၈၂၁၀၈၃၅၂ | ၁၀၃၁၂၇၃ |
| ၂။ | အိန္ဒိယ | ၄၃၁၅၃၇၄၉ | ၄၂၆၁၃၄၄၀ | ၅၂၄၆၁၁ |
| ၃။ | ဘရာဇီး | ၃၀၉၅၃၅၇၉ | ၂၉၉၄၄၅၈၅ | ၆၆၆၄၉၆ |
| ၄။ | ပြင်သစ် | ၂၉၄၇၉၄၃၈ | ၂၈၈၁၆၆၄၆ | ၁၄၈၁၂၉ |
| ၅။ | ဂျာမနီ | ၂၆၂၉၃၀၂၄ | ၂၅၂၁၆၂၀၀ | ၁၃၉၁၃၂ |
| ၆။ | ဗြိတိန် | ၂၂၂၇၇၆၉၆ | ၂၁၉၁၄၂၅၀ | ၁၇၈၄၆၅ |
| ၇။ | ရုရှား | ၁၈၃၂၇၈၃၇ | ၁၇၇၃၃၈၇၀ | ၃၇၉၀၂၉ |
| ၈။ | တောင်ကိုရီးယား | ၁၈၀၈၆၄၆၂ | ၁၇၆၇၀၅၁၉ | ၂၄၁၆၇ |
| ၉။ | အီတလီ | ၁၇၃၈၈၈၇၇ | ၁၆၅၁၀၂၆၀ | ၁၆၆၅၆၉ |
| ၁၀။ | တူရကီ | ၁၅၀၇၀၈၆၄ | ၁၄၉၆၉၃၀၅ | ၉၈၉၅၇ |

## ၃၀-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၁၈၃၆၉ | ၉၄၅၆၅၄၁ | ၄၃၀၇၈ |
| အင်ဒိုနီးရှား | ၆၀၅၄၆၃၃ | ၅၈၉၅၁၇၆ | ၁၅၆၅၈၆ |
| မလေးရှား | ၄၅၀၃၇၃၄ | ၄၄၄၃၆၇၆ | ၃၅၆၆၅ |
| ထိုင်း | ၄၄၄၆၅၀၂ | ၄၃၇၃၉၇၀ | ၃၀၀၀၁ |
| ဖိလစ်ပိုင် | ၃၆၉၀၄၅၁ | ၃၆၂၇၅၄၈ | ၆၀၄၅၅ |
| စင်ကာပူ | ၁၂၉၅၉၂၀ | ၁၂၁၆၆၁၂ | ၁၃၈၃ |
| မြန်မာ | ၆၁၃၃၂၆ | ၅၉၂၂၇၆ | ၁၉၄၃၄ |
| လာအို | ၂၀၉၉၇၅ | ၂၀၈၃၄၄ | ၇၅၆ |
| ဘရူနိုင်း | ၁၄၈၃၉၅ | ၁၄၆၆၃၉ | ၂၂၃ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

သိန်းညွန့်(PZL)

# ဆောင်းခိုငှက်များ နေရပ်ပြန်ချိန်

**မြန်မာ** နိုင်ငံရှိ ကမ္ဘာ့အဆင့်အရေးပါသော ရမ်ဆာရေဝပ်ဒေသများတွင် ဆောင်းရာသီကာလရောက်တိုင်း နှစ်စဉ်လာရောက်လေ့ရှိသည့် ဆောင်းခိုငှက်များသည် မတ်လဆန်းမှအစပြုကာ ဧပြီနှင့် မေလများအတွင်း ၎င်းတို့နေရပ်ဒေသများသို့ ပြန်လည်ထွက်ခွာနေကြပြီဖြစ်ကြောင်း ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေများမှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

ဆောင်းခိုငှက်များတွင် ရေဘဲကဲ့သို့သော ငှက်များအပါအဝင် ကုန်းငှက်များနှင့် ကမ်းခြေနေ ငှက်များလည်း ပါဝင် ကျက်စားခဲ့ကြောင်း သိရသည်။

> **ဒီနှစ် ဆောင်းတွင်းကာလမှာ ကျွန်တော်တို့ နိုင်ငံအတွက် မှတ်တမ်းအသစ်အဖြစ် တရုတ်ဗျိုင်း ငှက်မျိုးစိတ်အသစ် လေးကောင်ကိုလည်း တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါတယ်**

"ဆောင်းခိုငှက်တွေ အများစုကတော့ ပြန်သွားကြပါပြီ။ မတ်လဆန်းကစပြီး ပြန်ကြတယ်။ ဒီမှာဆိုရင် ဆောင်းခိုငှက်မျိုးစိတ် လေး၊ ငါး မျိုးလောက်ပဲ ကျန်တော့တယ်။ အကောင်ရေနဲ့ဆိုရင် ၁၀၀ လောက်ပဲ ကျန်တော့တယ်"ဟု အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောကြားသည်။



အဆိုပါ ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေ များတွင် ဆောင်းခိုငှက်များ မည်သည့်အချိန်တွင် စတင်ကျရောက်သည်၊ မည်သည့် အချိန်တွင် နောက်ဆုံး ပြန်လည်ထွက်သည်နှင့် မည်သည့် မျိုးစိတ် အသစ်များ လာရောက်ကျက်စားသည်တို့ကို မှတ်တမ်းတင်နိုင်ရန် လစဉ် ငှက်စာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိသည်။

ဆောင်းရာသီတွင် ကမ္ဘာ့မြောက်ဘက်ခြမ်းမှ ငှက်မျိုးစိတ်များသည် အီကွေတာနှင့်နီးရာ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အရှေ့အာရှနိုင်ငံများရှိ ရေဝပ် ဒေသများသို့ ဆောင်းခိုရန် ပြောင်းရွှေ့ ကျက်စားလျက်ရှိရာ ကမ္ဘာပေါ်တွင် ၎င်းတို့အသုံးပြုသော ပျံသန်းရာ လမ်းကြောင်း ကိုးခုရှိသည်။ အဆိုပါ လမ်းကြောင်း ကိုးခုအနက် မြန်မာနိုင်ငံသည် ဗဟိုအာရှငှက်ပျံသန်းရာ လမ်းကြောင်းနှင့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းနှစ်ခုတွင် ပါဝင်ကျရောက်လျက်ရှိသည်။ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းပေါ်ရှိ ရေဝပ်ဒေသများအချင်းချင်း ချိတ်ဆက်ကာ ဆောင်းခိုငှက်များ ထိန်းသိမ်းရန်အတွက် အဖွဲ့များ ဖွဲ့စည်းခဲ့ရာ မြန်မာနိုင်ငံက အင်းတော်ကြီး အပါအဝင် ခြောက်ခု (မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမ ပင်လယ်ကွေ့၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော) ပါဝင်လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများတွင် ဆောင်းခိုငှက်များအတွက် လုံလောက်သော အစာရေစာများကို ထောက်ပံ့ပေးစွမ်းနိုင်ခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟစနစ် ပျက်စီး ယိုယွင်းမှု နည်းပါးခြင်းတို့ကြောင့် ဆောင်းရာသီကာလတွင် ဆောင်းခိုငှက် အများအပြား နှစ်စဉ်ရောက်ရှိလာကြောင်း၊ ယခုအခါ အင်းတော်ကြီးကန်၊ မိန်းမလှကျွန်းဘေးမဲ့တောအပြင် ကျန်ရှိရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေလေးခု၌လည်း ဆောင်းခိုငှက်များ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ဆောင်းခိုငှက်များမှာ မြန်မာနိုင်ငံရှိ အရေးကြီးရေဝပ်ဒေသနှင့် အခြားကုန်းတွင်းဒေသ အနှံ့အပြားသို့ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အုပ်စုဖွဲ့ကာ အကောင်ရေထောင်နှင့်ချီ ဝင်ရောက်လေ့ရှိကြပြီး စပါး၊ ရေမှော်၊ ခရု၊ ငါး၊ ပုစွန်၊ ကဏန်းငယ်များ စသည်တို့ကို စားသောက်နေထိုင်ကြကာ ဆောင်းရာသီအကုန် မတ်လတွင်အစပြု၍ ပြန်လည်ထွက်ခွာသွားလေ့ရှိသည်။

"ဒီနှစ်ဆောင်းတွင်းကာလမှာ ကျွန်တော်တို့နိုင်ငံအတွက် မှတ်တမ်းအသစ်အဖြစ် တရုတ်ဗျိုင်း ငှက်မျိုးစိတ်အသစ် လေးကောင်ကိုလည်း တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်" ဟု မိန်းမလှကျွန်း တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်လာရောက် ဆောင်းခိုသည့် ငှက်မျိုးစိတ်ပေါင်း ၂၇၀ ခန့်ရှိပြီး ၎င်းတို့အနက် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ်များလည်း ပါဝင်ကာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေဖြင့် ဆောင်းခိုငှက်များကို ကာကွယ်ထိန်းသိမ်းထားကြောင်း သိရသည်။

---

မြန်လင်းမောင်

# ကမ္ဘာ့သမုဒ္ဒရာရေများတွင် မိုက်ခရိုပလတ်စတစ်များ ပျော်ဝင်နေကြောင်း စစ်ဆေးတွေ့ရှိ

**ဩစတြေးလျ** နိုင်ငံ ကာတင်တက္ကသိုလ်မှ သုတေသီများသည် ကမ္ဘာ့သမုဒ္ဒရာအတွင်းရှိ ပင်လယ်ရေနမူနာများကို သုတေသနပြုလုပ်ခဲ့ရာ ကျယ်ပြောလှသည့် သမုဒ္ဒရာရေပြင်၏ အစွန်အဖျားဆုံးဒေသများ၌ပင် မိုက်ခရိုပလတ်စတစ်များ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။

"ပလတ်စတစ်ဆန့်ကျင် ကမ္ဘာ့တစ်ခွင်" ခေါင်းစဉ်ဖြင့် ကမ္ဘာ့သမုဒ္ဒရာရေပြင်တွင် ၄၅၅ ရက်ကြာ လေ့လာမှုပြုလုပ်ပြီးနောက် အဆိုပါ အစီရင်ခံစာကို မေ ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသုတေသနလုပ်ငန်းများကို ဩစတြေးလျ အနောက်ဘက်ကမ်းရိုးတန်း၊ တောင်အမေရိကမှသည် အရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက် ကီလိုမီတာ ၄၆၁၀၀ ဧရိယာအတွင်းရှိ နေရာ ၁၇၇ ခုမှ ပင်လယ်ရေနမူနာများကို သုတေသနပြုလေ့လာခဲ့ခြင်း ဖြစ်သည်။

သမုဒ္ဒရာအတွင်းမှ ရရှိလာသည့် အဆိုပါရေ နမူနာများ အတွင်း မိုက်ခရိုပလတ်စတစ် ပါဝင်မှုကို ပထမဆုံး တိတိကျကျတိုင်းတာမှု ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သုတေသီခေါင်းဆောင်ဖြစ်သူ ကာတင်တက္ကသိုလ်မှ ပါမောက္ခ ကလီတီဂရိစ် က ပြောကြားသည်။ လေ့လာမှု၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့သမုဒ္ဒရာများအတွင်း မိုက်ခရိုပလတ်စတစ်များ အံ့အားသင့်ဖွယ် ပျံ့နှံ့ရောက်ရှိနေမှုကို သိရှိနိုင်ရန်အတွက်ဖြစ်ကြောင်း ဂရိစ် က ဆိုသည်။

လေ့လာမှုပြုလုပ်ခဲ့သည့် သမုဒ္ဒရာရေနမူနာများတွင် ကားတာယာများ၊ အထည်အလိပ်များ၊ အဆောက်အအုံ အပျက်အစီးများ၊ အလှကုန်များ၊ အစားအစာနှင့် လူသုံးကုန်ပစ္စည်း ထုပ်ပိုးထားသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှ ထွက်ရှိလာသည့် မိုက်ခရိုပလတ်စတစ်များကို နေရာတိုင်းလိုလိုတွင် တွေ့ရှိရသည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံ သမုဒ္ဒရာများနှင့် လေထုတိုင်းတာရေးယူနစ်၏ လေ့လာမှု များအရ ၂၀၂၀ ပြည့်နှစ်အထိ ကမ္ဘာ့သမုဒ္ဒရာများအတွင်း မိုက်ခရိုပလတ်စတစ် တန်ချိန်ပေါင်း ၂၂ ဒသမ ၈ သန်းခန့်ရှိကြောင်း ခန့်မှန်းထားပြီး အများစုမှာ သမုဒ္ဒရာကြမ်းပြင်တွင် အနည်ထိုင်နေခြင်းဖြစ်သည်။

မိုက်ခရိုပလတ်စတစ်များသည် အဏ္ဏဝါသက်ရှိများအပေါ် သက်ရောက်မှုရှိနေပြီး အစာနှင့် ရေတို့မှတစ်ဆင့် ငါးများ၏ အစာခြေစနစ်အတွင်း ဝင်ရောက်ကာ အဆိပ်အတောက် ဖြစ်စေလျက်ရှိသည်။

ယခုလေ့လာတွေ့ရှိမှုသည် ပင်လယ်သမုဒ္ဒရာအတွင်းရှိ စမ်းသပ်တိုင်းတာမှု မပြုလုပ်ရသေးသည့် အချို့နေရာများ၌ပါ မိုက်ခရိုပလတ်စတစ်များ မည်မျှပျံ့နှံ့ရောက်ရှိနေမည်ဆိုသည်ကို သတိပြုနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သုတေသီများက ဆိုသည်။

ကိုးကား- Aussie researchers track microplastics across global oceans

# မွန်ဂိုလီးယားနိုင်ငံတွင် မျိုးသုဉ်းလုနီးပါး ဂိုဘီဝက်ဝံ အကောင်ရေ ၅၀ ကျော်အထိ ထိန်းသိမ်းထားနိုင်

**မွန်ဂိုလီးယား နိုင်ငံတွင် မျိုးသုဉ်းရန် အလွန်နီးကပ်နေသည့် မဇာလိုင် ခေါ် ဂိုဘီဝက်ဝံအကောင်ရေ ၅၀ ကျော်အထိ ထိန်းသိမ်းထားနိုင်ပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားလာရေးဝန်ကြီးဖြစ်သူ ဘတ်အူဇီဘတ်အာဒန်က ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

မွန်ဂိုလီးယား သိပ္ပံအကယ်ဒမီမှ အထွေထွေနှင့် အသုံးချဇီဝဗေဒဆိုင်ရာ အင်စတီကျု၏ ထုတ်ပြန်မှုအရ ၂၀၁၈ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဂိုဘီ ဝက်ဝံ ၃၆ ကောင်သာ ကျန်ရှိတော့သည်ဟု ဆိုသည်။ ဂိုဘီဝက်ဝံများသည် မျိုးပွားမှုနှုန်း နည်းပါးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားခြင်း၊ ရေအရင်းအမြစ်များ ပျောက်လာပြီး သားရဲတိရစ္ဆာန်များ၏ အစာရေစာပြတ်တောက်ခြင်းနှင့် နေရင်းဒေသများ ပျောက်ဆုံးလာခြင်း စသည်တို့ကြောင့် မျိုးသုဉ်းလုနီးပါးအထိ ရှားပါးလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂိုဘီဝက်ဝံများ မျိုးသုဉ်းပျောက်ကွယ် မသွားရေးအတွက် ဂိုဘီဝက်ဝံထိန်းသိမ်းရေး နည်းပညာဆိုင်ရာ အကူအညီပေးရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်က မွန်ဂိုလီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံတို့အကြား သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက် အကူအညီများ ရရှိခဲ့သည်။

ဂိုဘီဝက်ဝံထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်းစဉ်များအနက် ဖြည့်စွက်စာများ ကျွေးမွေးရန် အစာများ ထားပေးခြင်း၊ ယင်းတို့၏ အလေ့အထများနှင့် ပြုမူနေထိုင်မှုစနစ်များကို သိရှိနိုင်ရန်အတွက် ကင်မရာထောင်ချောက်များ တပ်ဆင်ပြီး လေ့လာစောင့်ကြည့်ခြင်းတို့ ပါဝင်သည်။

ထိုသို့ နှစ်နိုင်ငံ လက်မှတ်ရေးထိုးပြီးနောက် ပညာရှင်များ ပူးပေါင်းကာ ဂိုဘီဝက်ဝံထိန်းသိမ်းရေးနှင့် မျိုးဆက်ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သဖြင့် အောင်မြင်မှုအချို့ ရရှိနေပြီဖြစ်ကြောင်း၊ ယခုလက်ရှိ မွန်ဂိုလီးယားနိုင်ငံတွင် မဇာလိုင်ခေါ် ဂိုဘီဝက်ဝံ ၅၁ ကောင်အထိ ထိန်းသိမ်းထားနိုင်ခဲ့ပြီဖြစ်ကြောင်း ဝန်ကြီး ဘတ်အာဒန်က အင်တာဗျူးတစ်ခုတွင် ဖြေကြားသည်။

ဂိုဘီဝက်ဝံများ၏ နေရင်းဒေသများသည် ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၆၀ ပြည့်နှစ်တို့နှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းသွားသော်လည်း မွန်ဂိုလီးယားအနောက်တောင်ပိုင်းရှိ ဂိုဘီသဲကန္တာရတွင် ၎င်းတို့နေရင်းဒေသ ဂေဟစနစ်များကို ဆက်လက် ထိန်းသိမ်းထားလျက်ရှိသည်။ မွန်ဂိုလီးယားနိုင်ငံသည် ဂိုဘီဝက်ဝံများအား အမဲလိုက်သတ်ဖြတ်ခြင်းကို ၁၉၅၃ ခုနှစ်ကတည်းက ကန့်သတ်တားမြစ်ခဲ့ပြီး ယခု ဆောင်ရွက်နေသည့် ဂိုဘီဝက်ဝံထိန်းသိမ်းရေးစီမံချက်သည် မျိုးသုဉ်းရန် အန္တရာယ်အလွန် နီးကပ်နေသည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် များစွာ အရေးပါလှသည့် လုပ်ငန်းစဉ် တစ်ရပ်ပင် ဖြစ်သည်။



မြန်လင်းမောင်

## လေထုညစ်ညမ်းမှု ကြာရှည်ခံစားရပါက မှတ်ဉာဏ်ချို့ယွင်းမှုကို ဖြစ်စေနိုင်

လေထုညစ်ညမ်းမှုအဆင့် ၂ ဒသမ ၅ မိုက်ခရိုမီတာ (PM 2. 5) အဆင့်ထက် ပိုမိုများပြားသည့် အခြေအနေကို ရေရှည်ခံစားရပါက မှတ်ဉာဏ်ကျဆင်းမှုနှင့် အယ်လ်ဇိုင်းမားရောဂါ ဖြစ်စေနိုင်ကြောင်း သိပ္ပံနည်းကျ လေ့လာဆန်းသစ်မှု စစ်တမ်းတစ်ရပ်က ညွှန်ပြလိုက်သည်။

လေထုညစ်ညမ်းမှု ၂ ဒသမ ၅ မိုက်ခရိုမီတာ(PM 2. 5) အဆင့်တွင် ပါဝင်သည့် မြေပြင်အဆင့်အိုဇုန်းနှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်များသည် အာရုံကြောတုံ့ပြန်မှုစနစ်ကို ထိခိုက်စေနိုင်ပြီး လူသားတို့၏ မှတ်ဉာဏ်ဆိုင်ရာ ကျန်းမာရေးကို ဆိုးရွားစွာသက်ရောက်မှုဖြစ်စေနိုင်သည်ဟု အဆိုပါစစ်တမ်းတွင် ဖော်ပြသည်။

အဆိုပါ လေ့လာမှုကို ရှန်ဟိုင်းမြို့အခြေစိုက် ဖူဒန်တက္ကသိုလ် ဟူရှန်ဆေးရုံမှ သုတေသီများ ဦးဆောင်သည့် နိုင်ငံတကာသုတေသီများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ သုတေသနပြုလုပ်ရန် ကျန်းမာရေးနှင့် အသက်အရွယ်ကြီးရင့်မှုဆိုင်ရာ စစ်ဆေးမှုအတွက် လူ ၃၁၅၇၃ ဦးနှင့် အယ်လ်ဇိုင်းမားရောဂါဆိုင်ရာ စစ်ဆေးမှုအတွက် လူ ၁၁၃၁ ဦးတို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့ထံမှ ရရှိသည့် အချက်အလက်များကို အသုံးပြုလေ့လာခဲ့ခြင်း ဖြစ်သည်။

အဆိုပါလေ့လာမှုအရ လေထုညစ်ညမ်းမှု ၂ ဒသမ ၅ မိုက်ခရိုမီတာ(PM 2.5) ကို ရေရှည်ခံစားရပါက မှတ်ဉာဏ်ကျဆင်းမှုတိုးလာပြီး အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားရန် တွန်းအားပေးနေကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ကိုးကား - ဆင်ဟွာ

# ကမ္ဘာ့သမုဒ္ဒရာရေပြင်အတွင်းရှိ ပင်လယ်မြက်ခင်းများ၏ အောက်တွင် သကြားတောင်ကြီးတွေ့ရှိ



သီဟစည်သူ

**မက်စ်ပလန့်ခ် အင်စတီကျုမှ အဏ္ဏဝါအဏုဇီဝဗေဒ သိပ္ပံပညာရှင်များက ကမ္ဘာ့သမုဒ္ဒရာရေပြင်အတွင်းရှိ ပင်လယ်မြက်ခင်းပြင်များအောက်တွင် တောင်လိုပုံနေသည့် သကြားများ တွေ့ရှိကြောင်း ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။**

သမုဒ္ဒရာရေပြင်အောက်ရှိ ပင်လယ်မြက်ခင်းများသည် ကာဗွန်စုပ်ယူမှုအတွက် အဓိက အရေးပါပြီး ကမ္ဘာ့ထိပ်တန်း ကာဗွန်စုပ်ယူသိုလှောင်မှု ဂေဟစနစ်များအနက်မှ တစ်ခုအပါအဝင်ဖြစ်သည်။

တစ်ကီလိုမီတာ အကျယ်အဝန်းရှိသည့် ပင်လယ်မြက်ခင်းပြင်သည် ကုန်းမြေပေါ်ရှိ သစ်တောများမှ ကာဗွန်စုပ်ယူမှုထက် နှစ်ဆပိုများပြီး ၃၅ ဆခန့် ပိုမိုမြန်မြန်ဆန်ဆန် စုပ်ယူသိုလှောင်နိုင်သည်ဟု အဆိုပါ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

အဆိုပါ သုတေသနကို ပြုလုပ်နေသည့် မက်စ်ပလန့်ခ်အင်စတီကျုမှ သုတေသနအဖွဲ့ခေါင်းဆောင် မန်နျူရယ်လီဘိခ်က ယခုတွေ့ရှိသည့် ပမာဏများပြားလှသည့် သကြားများသည် ယခင်က အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုများတွင် တွေ့ရှိဖူးသည့် သကြားပမာဏထက် အဆ ၈၀ ခန့်ပင် ပိုမိုများပြားသည်ဟုဆိုသည်။

"ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာပေါ်မှာရှိတဲ့ ပင်လယ်မြက်ခင်းပြင်တွေရဲ့ အမြစ်တွေအောက်မှာ သကြားတန်ချိန် ၀ ဒသမ ၆ သန်းကနေ ၁ ဒသမ ၃ သန်းအထိ ရှိနေနိုင်တယ်၊ အကြမ်းဖျင်းအားဖြင့် ကိုကာကိုလာဘူး ၃၂ ဘီလီယံလောက်ကို ဝင်ဆံ့နိုင်တဲ့ များပြားလှတဲ့ သကြားတွေပါ"ဟု လီဘိခ်က အဆိုပါ ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

သမုဒ္ဒရာအတွင်းရှိ ပင်လယ်မြက်များသည် နေရောင်ခြည်ရရှိသည့်အချိန်တွင် ရေမှ ကာဗွန်စုပ်ယူပြီး အစာချက်လုပ်ကာ ကာဗွန်၊ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့ပါဝင်သည့် သကြားမော်လီကျူးများအဖြစ် ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ နေ့ပိုင်း (သို့မဟုတ်) နွေရာသီကဲ့သို့ နေရောင်ခြည် ပိုမိုရရှိသည့်အချိန်များတွင် အပင်များသည် ၎င်းတို့လိုအပ်သည်ထက် သကြားမော်လီကျူးများ ပိုမိုထုတ်လုပ်ပြီးနောက် ပိုလျှံနေသည့် သကြားမော်လီကျူးများသည် ၎င်းတို့၏ အမြစ်များ အနီးတစ်ဝိုက်တွင် သိုလှောင်ခြင်းအားဖြင့် ယခုကဲ့သို့ သကြားပမာဏ အမြောက်အမြားဖြစ်ပေါ်လာခြင်းဖြစ်သည်။

ပင်လယ်မြက်များမှ ကာဗွန်စုပ်ယူနိုင်သည့် စွမ်းအင်ပမာဏများကို ပိုမိုသိရှိနိုင်ရန်အတွက် အီတလီနိုင်ငံ အဲလ်ဘာကျွန်းတွင် အဆိုပါနေရာရှိ ပင်လယ်မြက်နမူနာများနှင့် ယင်းတို့ပတ်ဝန်းကျင်ရှိ အနယ်အနှစ်များကို သုတေသနလေ့လာမှုများ ဆက်လက် ပြုလုပ်လျက်ရှိသည်။

ယခုအခါ ပင်လယ်မြက်အပင်မျိုးစိတ်များ၏ နေရင်းဒေသ အများအပြား ခြိမ်းခြောက်မှု ခံနေရပြီး ကမ္ဘာ့သမုဒ္ဒရာများ အားလုံးအတွင်းရှိ ပင်လယ်မြက်ခင်းပြင်များ၏ သုံးပုံတစ်ပုံခန့် (ပင်လယ်မြက်ခင်းများ၏ ၃၃ ရာခိုင်နှုန်းခန့်) မှာ ပျက်စီးဆုံးရှုံးနေပြီဖြစ်သည်။

"ဒီလို ပင်လယ်မြက်တွေရဲ့ အောက်မှာရှိတဲ့ သကြားတွေရဲ့ပမာဏကို ကြည့်ရင် ပင်လယ်မြက်ခင်းတွေ၊ ကမ္ဘာ့သမုဒ္ဒရာနဲ့ ကမ်းရိုးတန်း ဂေဟစနစ်တွေကနေ ကာဗွန်တွေကို ဘယ်လောက်အထိ စုပ်ယူနိုင်လဲဆိုတာ ရှင်းရှင်းလင်းလင်းကို သိနိုင်ပါတယ်" ဟု လီဘိခ်က ထပ်လောင်းပြောကြားသည်။

သုတေသနပြု တွက်ချက်မှုများအရ ကမ္ဘာ့သမုဒ္ဒရာအတွင်း ဆုံးရှုံးလိုက်ရသည့် ပင်လယ်မြက်ခင်းများက စုပ်ယူသိုလှောင်နိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ တန်ချိန်ပေါင်း ၁ ဒသမ ၅၄ သန်းခန့်သည် ကမ္ဘာ့လေထုအတွင်း ရောက်ရှိ လျက်ရှိသည်။ အဆိုပါ ပမာဏသည် ကမ္ဘာပေါ်ရှိ ကားအစီးရေ ၃၃၀၀၀၀ ခန့်က ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏနှင့် ညီမျှကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ထို့ကြောင့် ပင်လယ်မြက်ခင်းများသည် ကမ္ဘာ့ကာဗွန်စက်ဝန်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သုတေသနပညာရှင်များ၏ လေ့လာမှုများက သက်သေပြလျက်ရှိသည်။

ကိုးကား– Scientists find mountains of sugar beneath seagrass meadows in world's oceans

# ကျောင်းအပ်လက်ခံမှုများဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာကြီးတစ်ဦးအား CDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် မေ ၃၀**

မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် Human Resources(HR) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် စာသင်ကျောင်းများအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများကိုပါ လုပ်ဆောင်လျက်ရှိသည်။

ထို့သို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ် ဖလမ်းမြို့ တလန်လိုရပ်ကွက်နေ ထုတ်လိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သူ ဦးကိုအောင်ကျော်(ဘ) ဦးတလွန်ကိမ်းသည် ကျောင်းဖွင့်လှစ်ရန်အတွက် မေ ၂၅ ရက်မှစ၍ ဒုတိယကျောင်းအုပ်ဖြစ်သူ ထုတ်လိုင်ကျေးရွာရှိ ဦးမှန်ဟင်းခိုင်(ဘ) ဦးလျန်ထန်း၏ နေအိမ်၌ တည်းခိုနေထိုင်၍ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်စဉ် မေ ၂၇ ရက် ည ၈ နာရီခန့်တွင် လက်နက်ငယ်များ ကိုင်ဆောင်ထားသည့် CDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဦးကိုအောင်ကျော်အား ဒလန်ဟုစွပ်စွဲကာ ကျေးရွာ၏တောင်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် အကြမ်းဖက်သမားများနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

တားဆီးကာ ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို လုယက်ယူဆောင်၍ ရေယာဉ်အား ဆက်လက်ထွက်ခွာစေခိုင်းခဲ့ကြောင်း သိရှိရသည်။


PDF အမည်ခံ အကြမ်းဖက်သမားများ လုယက်ယူဆောင်သွားသည့် ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များသည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် ပေးပို့သည့် စာအုပ်များဖြစ်ပြီး ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၀ (၁၂၀၀၀ အုပ်)၊ Grade-11 သင်ရိုးအတွက် စာရိတ္တနှင့်ပြည်သူ့နီတိပုံနှိပ်စာအုပ် ၂၅၀၀၊ ရူပဗေဒပုံနှိပ်စာအုပ် ၁၁၀၀ နှင့် ရူပဗေဒ လက်တွေ့ပုံနှိပ်စာအုပ် ၁၁၀၀ စုစုပေါင်း ပုံနှိပ်စာအုပ် အုပ်ရေ ၄၇၀၀ ပါဝင်ကြောင်း သိရှိရသည်။

အလားတူ မေ ၂၄ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင်လည်း တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ ထားဝယ် - မြိတ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ မြိတ်ခရိုင်အတွင်းရှိ စာသင်ကျောင်းများသို့ ဖြန့်ချိမည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ သယ်ဆောင်လာသည့် ၁၂ ဘီးယာဉ်နှစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက တားဆီးရပ်တန့်၍ ကျောင်းသုံးပုံနှိပ်စာအုပ်များ ထည့်ထားသည့် ဆာလာအိတ် ၁၅၉၇ ထုပ်အနက်မှ ဆာလာအိတ် ၄၈ ထုပ်ကို ကားလမ်းဘေးသို့ချ၍ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ထို့အတူ မေလ ၁၁ ရက်နေ့ ည ၁၀ နာရီတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တုန်းပေါ်ကျေးရွာရှိ တုန်းပေါ် အခြေခံပညာ အလယ်တန်းကျောင်းသို့ PDF အကြမ်းဖက်သမား သုံးဦးခန့် ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ နှစ်ထပ်စာသင်ကျောင်းဆောင်ရှိ ကျောင်းအုပ်ကြီး ရုံးခန်းနှင့် စာသင်ခန်း တစ်ခန်းအတွင်းမှ ပစ္စည်းများကို ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့်ကို ဟန့်တား၍ အနှောင့်အယှက်ဖြစ်စေရန် ကျောင်းသုံးစာအုပ်များကို လုယက်ယူဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မော်လိုက်မြို့နယ်ပညာရေးမှူးရုံးသို့ ပို့ဆောင်သည့် ကျောင်းသုံးစာအုပ်များကို မော်လိုက်မြို့နယ် ယုဝ ကျေးရွာအနီး၌ အကြမ်းဖက်သမားများက လုယက်ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃)ရပ်ကွက်၌ ဖြစ်ပွားခဲ့သည့် ဆွဲကြိုးလုယက်မှုတွင် ကျူးလွန်ခဲ့သူများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



အောင်ပိုင်စိုး သော်ဇင်အောင်



ဝတုတ်(ခ)ကျော်ကျော်(ခ)ကျော်တင် ဝင်းထွန်း(ခ)ထွန်းဝင်း ကျော်သူ(ခ)ကျော်ကြီး



**နေပြည်တော် မေ ၃၀**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃) ရပ်ကွက် ရှင်ထွေးညိုလမ်းရှိ လမင်း လက်ဖက်ရည်ဆိုင်ရှေ့၌ မေ ၁၉ ရက် ညနေ ၃ နာရီခန့်တွင် ပစ်ခတ်မှုဖြစ်ပွားပြီး အဆိုပါမြို့နယ်နေ အမျိုးသမီးတစ်ဦး၏ ဆွဲကြိုးကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သူများအား မေ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဆွဲကြိုးလုယက်ယူဆောင်မှုနှင့်ပတ်သက်၍ ကျူးလွန်သူများ မောင်းနှင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်သွားလာရာ လမ်းတစ်လျှောက်ရှိ CCTV များမှတစ်ဆင့် အသုံးပြုသည့်မော်တော်ယာဉ်ကို ဖော်ထုတ်တွေ့ရှိခဲ့ရပြီး အဆိုပါယာဉ်မှာ ကြည့်မြင်တိုင်မြို့နယ်နေ သော်ဇင်အောင် (ဘ) ဦးလှိုင်က ငှားရမ်းအသုံးပြုထားသည့် မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၎င်းနှင့်အတူ အောင်ပိုင်စိုး (ဘ) ဦးစံသောင်းတို့ကို ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် ဗားကရာလမ်းဆုံအနီး၌ ပစ္စတိုသေနတ်တစ်လက်၊ LUGER ၉ မမ ကျည် ၁၁ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ပြောကြားချက်များအရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့ကြသူများဖြစ်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဝတုတ် (ခ) ကျော်ကျော် (ခ) ကျော်ကျော်တင် (ဘ) ဦးဝင်းနိုင်ကို အဆိုပါရပ်ကွက်ရှိ ဂိတ်ဟောင်းမှတ်တိုင်အနီး၌ လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၆)ရပ်ကွက်နေ ဝင်းထွန်း (ခ) ထွန်းဝင်း (ဘ) ဦးသောင်းဟန်ကို ၎င်း၏နေအိမ်၌ လည်းကောင်း၊ ထန်းတပင်မြို့နယ် ရိုးလေးကျေးရွာနေ ကျော်သူ (ခ) ကျော်ကြီး (ဘ) ဦးစိုးမောင်ကို ၎င်း၏နေအိမ်၌ လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သည် ဆွဲကြိုးလုယက်မှုကို ကျူးလွန်ပြီး အဆိုပါဆွဲကြိုးကို လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ၁၀၃ မှတ်တိုင်အနီး၌ ငွေကျပ်ကိုးသိန်းဖြင့် ရောင်းချခဲ့ကြောင်း သိရှိရပြီး လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ အမှုဖွင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၅-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၃:၃၀** MRTV National News
**၁၆:၃၅** မြန်မာ့ရိုးရာဝါးလက်မှုပညာ
**၁၇:၄၅** နိုင်ငံ့အနာဂတ်ထွန်းလင်းတောက်ပဖို့ ကျောင်းအပ်နှံကြပါစို့
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** (၃၀)ဖြာမင်္ဂလာ (ဦးနန္ဒဝင်း ရေးသားပူဇော်တင်ဆက်သည်) 'ပတိရူပဒေသဝါသော'
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအကံဆေး' (အပိုင်း-၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၅)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ချစ်သောဘဘ'

**mitv**

**07:02** Evergreen Classic: Thatta Htar Na (Sein Lei Lei)
**07:10** Colourful Threads
**07:17** Let's Taste Delicious Insects: Silkworm Croquett
**07:43** Impressionist Myanmar Master Artist - U Lun Gywe
**08:01** Myanmar Traditional Instruments (MYANMA DRUM)
**08:27** Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda
**08:39** Family of Toys
**09:01** News
**09:26** Global Partnership for Brighter Future: Samoa Pavilion at Expo 2020 Dubai
**09:34** Talent Show on a Maze of Xylophones
**09:39** Karaweik Palace - A Symbol Of Glorious Myanma Culture
**09:55** Goldsmith

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သင်ပယ်၊ ရေးမယ် တို့ချင်းစာ (အပိုင်း-၄၀)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ညောင်စေးပြုလုပ်ခြင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
နော်ဘူဘောဆုတောင်းတောင်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ငြိမ်းချမ်းခြင်းအငွေ့အသက်နှင့်ဒီဇိုးရာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
လှိုင်မွေမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဆွေသီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၆)

**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဘွဲ့ကရင်တိုင်းရင်းသားတို့ထိန်းသိမ်းထားသော ရိုးရာတူရိယာများ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၄၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငွေပေးငွေချယ်မှု'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** အထွက်ကောင်းစပါးများထုတ်လုပ်ရာ တောင်သူများလည်းပါဝင်လာ
**၀၇:၄၅** လယ်ကြားငါးကန်နှင့် တိုင်းရင်းငါးမျိုးချန်လုပ်မွေးမြူခြင်း
**၀၇:၅၀** အားမာန်ဝင့်ကြွားလွန်ကျော်ခြွစွမ်းအား
**၀၉:၂၅** သိကောင်းစရာစပါးဘက်တီးရီးယား ရွက်စင်းရောဂါ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝေးရာတနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၃၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ခြိမ်းခြောက်မှုများကြားက ပညာရှာကြမယ့် အနာဂတ်ရဲ့ မျိုးဆက်သစ်များ"** ခေါင်းစဉ်ဖြင့် ဇွန် ၁ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်"**နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ခရမ်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ




**ခရမ်း မေ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စိန်ရတုခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် အဖွဲ့ဝင်(၁)ဗိုလ်မှူးကျော်ဇင်သန့်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ကအခမဲ့ဖြန့်ဝေသော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြောင်း သိရသည်။**(ယာပုံ)**

**ကိုမင်း(ခရမ်း)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၅ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၈၀ ကျပ် | ၂၃၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၈၀ ကျပ် | ၂၃၃၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၃ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၃၁၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၃ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၂၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၅၅ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၅၁ | ၃၈၇၆၀၀ |
| MTSH | ၂၆၅၀ | ၂၇၀၀ | ၁၈၃၇ | ၄၈၇၈၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၂၀ | ၅၃၀၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁၂၁ | ၃၀၈၅၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၀၁ | ၉၈၄၉၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကော့သောင်းခရိုင်အတွင်းက ထူးခြားလှပသည့် ပင်လယ်ကျွန်းများဆီသို့

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းဒေသသည် သဘာဝပထဝီအနေအထားအရ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်း၊ နူးညံ့သည့် သဲဖြူကမ်းစပ်များရှိသည့် ကျွန်းများ၊ အမျိုးစုံလင်လှသော သဘာဝပေါက်ပင်များ၊ ဒီရေတောများ၊ ကုန်းနေရေနေသတ္တဝါများ၊ ငှက်မျိုးစိတ်များ၊ ပင်လယ်ရေအောက် သန္တာကျောက်တန်းများ ပေါကြွယ်ဝသဖြင့် ထူးခြားသောသဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ထားသည်။

ကျော်စိုး(ကော့သောင်း)

ကျွန်းများ ဆက်စပ်တည်ရှိနေခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု နည်းပါးခြင်း၊ ကျွန်းများပေါ်တွင် လူနေထိုင်မှုနည်းပါးပြီး သဘာဝသယံဇာတအလှအပများမြောက်မြားစွာ မပျက်မစီး တည်ရှိနေခြင်း၊ ရေပေါ်ရေအောက်ရာသီဥတုနှင့် အပူချိန်မျှတခြင်း၊ ကျွန်းတိုင်းလိုလိုတွင် သဲသောင်တန်းများ သဘာဝအလျောက်ရှိနေခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဖွဲ့လိုက်၊ မိသားစုလိုက် အပန်းဖြေ လာရောက်ရန် ဆွဲဆောင်လျက်ရှိသည်။

## သဘာဝအမွေအနှစ်များ

ထိုသို့ သဘာဝအမွေအနှစ်များ တည်ရှိရာ ကော့သောင်းဒေသသည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း တနင်္သာရီကမ်းရိုးတန်းဒေသ၏ တောင်ဘက်အကျဆုံးအပိုင်း ကော့သောင်းခရိုင်တွင် တည်ရှိသည်။ ကော့သောင်းခရိုင်သည် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၁ ဒီဂရီ ၁၅ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၇ မိနစ်နှင့် ၉၉ ဒီဂရီ ၂၄ မိနစ်အကြားတွင် တည်ရှိပြီး မြောက်ဘက်တွင် မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်နှင့် တနင်္သာရီမြို့နယ်၊ အရှေ့ဘက်တွင် ပါချန်မြစ်နှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် ကပ္ပလီပင်လယ်ပြင်တို့ ထိစပ်တည်ရှိသည်။ ကော့သောင်းခရိုင်တွင် မြို့နယ်နှစ်မြို့နယ်၊ မြို့ သုံးမြို့၊ ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၃၈ အုပ်စုနှင့် ကျေးရွာပေါင်း ၁၆၂ ရွာတို့ရှိပြီး တိုင်းရင်းသားစုံလင်စွာ မှီတင်းနေထိုင်လျက်ရှိသည်။

ကော့သောင်းခရိုင်ရှိ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကျွန်းစုစုပေါင်း ၁၃၅ ကျွန်းရှိပြီး ကျွန်းများ အားလုံးနီးပါး သဘာဝအလှအပများ၊ သက်ရှိမျိုးစိတ်ဇီဝမျိုးကွဲများ၊ ပင်လယ်ရေအောက် သန္တာကျောက်တန်းများဖြင့် သဘာဝအလျောက် စိတ်ဝင်စားဖွယ်များဖြင့် ပြည့်နှက်လျက်ရှိကာ လာရောက်လည်ပတ်အနားယူ အပန်းဖြေရန် စိတ်ဝင်စားဖွယ်ကျွန်းတချို့ကို ဖော်ပြလိုက်ရပေသည်။

စေတန်ကျွန်းသည် ဖြူဖွေးနူးညံ့သော သဲသောင်ပြင် မီတာ ၁၅၀၀ ခန့်ရှိပြီး လှပသောကမ်းခြေ သုံးခုရှိသည်။ ကျွန်း၏အနောက်ဘက်ခြမ်း သဲသောင်ပြင်၏ အနောက်ဘက် ပေ ၅၀၀ ခန့်အကွာတွင် ရေငုပ်လည်ပတ်နိုင်သည့် နေရာအနည်းငယ်ရှိပြီး ရေချိုရရှိ၍ ခရီးတစ်ထောက်နားခိုရာ နေရာကောင်းဖြစ်သည်။ ကော့သောင်းမြို့နှင့် ၃၄ မိုင်အကွာတွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင် ၄၈၅ မိုင် ကျယ်ဝန်းသည်။

ညောင်ဦးဖီးကျွန်းသည် မြောက်ဘက်ပင်လယ်အော်တွင် ကမ်းခြေလှပ၍ လေအကာအကွယ်ကောင်းသော နေရာဖြစ်သည်။ ရေအနက်မီတာ ၂၀ ခန့်တွင် တွေ့ရတတ်သော Sea Fan (သန္တာကျောက်တန်းအမျိုးအစားဝင်)များအား ကျွန်း၏ မြောက်ဘက်ပိုင်း ရေအနက်(၃) မီတာခန့်တွင် တွေ့ပါသည်။ နူးညံ့ဖြူဖွေးအိစက်သည့်သဲသောင်ပြင်ရှိပြီး ရေချိုရရှိကာ TZK Co.,Ltd ၏ ညောင်ဦးဖီး အပန်းဖြေရီဆော့ဟိုတယ်ဖြင့် သာယာလှပလှပါသည်။

ခရင်းခွကျွန်းသည် လှပပြီးရှည်လျားသောကမ်းခြေ တည်ရှိသည်။ Myanmar Andaman Resort ရှိပြီး ရေပြာ၍ ကျောက်ချရပ်နားရန်ကောင်းသော နေရာများဖြစ်ပါသည်။ ရေငုပ်လည်ပတ်နိုင်သည့်နေရာနှင့် အပန်းဖြေရေကူးရန် နေရာများရှိပြီး ပင်လယ်မြွေများ၊ ပင်လယ်ငါးရှဉ့်များနှင့် ငါးမျိုးစိတ်အမျိုး ၂၀ ခန့် တွေ့ရသည်။ စိမ်းလန်းသောကျွန်းဖြစ်ပြီး တောဝက်များ ရှိသည်။

ငခင်ညိုကြီးကျွန်းတွင် လှပသော



ကြက်မောက်ကျွန်းရှိ အသည်းပုံရေကန်။

“ ကော့သောင်းခရိုင်ရှိ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကျွန်းစုစုပေါင်း ၁၃၅ ကျွန်းရှိပြီး ကျွန်းများ အားလုံးနီးပါး သဘာဝအလှအပများ၊ သက်ရှိမျိုးစိတ် ဇီဝမျိုးကွဲများ၊ ပင်လယ်ရေအောက် သန္တာကျောက်တန်းများဖြင့် သဘာဝအလျောက် စိတ်ဝင်စားဖွယ်များဖြင့် ပြည့်နှက်လျက်ရှိ”

ကျောက်တုံးများဖြင့် သဘာဝအလျောက်ရှိနေသော Stone Garden များအပြင် ရေချိုစမ်းချောင်းငယ်ရှိသည်။ ကျွန်း၏ အနောက်ဘက်တွင် ငါးဧကခန့်ရှိ ရေငုပ်လည်ပတ်နိုင်သည့်နေရာ နေရာကောင်းရှိပြီး တစ်ခါတစ်ရံ ငါးမန်းများ တွေ့ရပါသည်။ အပန်းဖြေခရီးစဉ်များ၏ လမ်းကြောင်းပေါ်တွင် တည်ရှိသော ကျွန်းဖြစ်သဖြင့် ဧည့်သည်အများစု နားခိုလေ့ရှိသည်။

ကျွန်းဖီလာကျွန်းတွင် ကျွန်း၏ အနောက်ဘက်ခြမ်းသည် ငြိမ်သက်ပြီး ကမ်းခြေသာယာပါသည်။ ဧည့်သည်များ မီးပုံပွဲလုပ်လေ့ရှိပြီး ကမ်းခြေသည် ၁၂ မီတာ ရှည်လျား၍ အရှည်ဆုံးကမ်းခြေဖြစ်သည်။ တောဝက်နှင့် မျောက်များ တွေ့ရတတ်သည်။ အရှေ့ဘက်ကမ်းခြေတွင် ရွာငယ်ရှိပြီး ရေချိုနှင့် ကျောက်ပုစွန်များရှိသည်။ ကျွန်း၏ အနောက်မြောက်ဘက်တွင် နားခိုကျွန်းငယ်များရှိကာ ရေအောက်လေ့လာရန် နေရာကောင်းများဖြစ်ပြီး သာယာသော ကမ်းခြေများ ရှိသည်။

၁၁၅ ကျွန်းသည် ရေချိုရရှိသော ကျွန်းဖြစ်ပြီး ကျွန်းပတ်လယ်တောလမ်းများတွင် သွားလာကြည့်ရှုနိုင်ပါသည်။ ကမ်းခြေလှပ၍ ရေကြည်လင်ပြီး ရေအနက် ၁၂ မီတာခန့်တွင် ကျောက်ချရပ်နားရန် နေရာကောင်းများရှိသည့်အပြင်

*စာမျက်နှာ ၂၁ သို့*





စေတန်ကျွန်းနှင့် ညောင်ဦးဖီးကျွန်းတို့ရှိ အပန်းဖြေလေ့လာလည်ပတ်စရာနေရာများ။

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို လည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*စာမျက်နှာ ၂၀ မှ*

သံကူကွန်ကရစ် အမျိုးအစား ပေ ၁၅၀ ရှိ ဆိပ်ခံတံတားရှိသည်။

ဗိုလ်ချိုကျွန်းသည် မကြံ့ဂုလက်ကျေးရွာရှိပြီး ဗမာ၊ ဆလုံ၊ ကရင်တိုင်းရင်းသားများ နေထိုင်၍ လူဦးရေ ၈၀၀ ခန့်ရှိပါသည်။ ဧည့်သည်များ ကျွန်းပေါ် တက်ရောက်လည်ပတ်လေ့ရှိပြီး အမှတ်တရပစ္စည်းများအား ဒေသခံများက ရောင်းချသည်။ ရှားပါးလူသားမျိုးနွယ်စုတစ်ခုဖြစ်သည့် ဆလုံ(ခ) မော်ကင်း (ခ) ပင်လယ်ပျော် လူသားမျိုးနွယ်စုများကို သဘာဝအတိုင်း တွေ့မြင်ရမည် ဖြစ်သည်။

ကြက်မောက်ကျွန်းသည် အသည်းပုံသဏ္ဍာန်ရေကန်တစ်ခုရှိပြီး မတ်စောက်သောကျောက်တောင်များဖြင့် ဖွဲ့စည်းထားသည်။ ဇီဝဖိုးငှက်များ၏ သဘာဝငှက်သိုက်များကို တွေ့မြင်ရနိုင်ပြီး သဘာဝမြက်ပင်နှင့် မုန်တိုင်းပင်ကဲ့သို့သောအပင်ငယ်များ ပေါက်ရောက်သည်။



ခရင်းခွကျွန်းရှိ သဘာဝအလှအပများ။

### အဏ္ဏဝါအမျိုးသားဥယျာဉ်

လန်ပိကျွန်း၏ တောင်ဘက်ခြမ်းကမ်းခြေတွင် ရှည်လျားသောသဲသောင်ကမ်းခြေရှိ၍ ညအိပ်ကျောက်ချ ရပ်နားနိုင်သော နေရာများရှိပါသည်။ ကျွန်းတွင် လမုချောင်းရှိပြီး ရေချိုရရှိပါသည်။ ပင်လယ်မြက်၊ အမြဲစိမ်းသစ်တော၊ ဒီရေတော စသည့်သဘာဝပေါက်ပင်နှင့် ကုန်းနေ၊ ရေနေသတ္တဝါများ၊ ငှက်မျိုးစိတ်များရှိပြီး အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ထားသော ကန့်သတ်နယ်မြေဖြစ်သည်။

### သန္တာကျောက်တန်းများတွေ့ရှိ

ဝအလယ်ကျွန်းသည် အောက်ခြေသဲနုများရှိသော ရှည်လျားသည့်ကမ်းခြေရှိပါသည်။ ကျွန်းတွင် ရေချိုစမ်းချောင်းရှိပြီး ကျွန်းတစ်ဝိုက် အပန်းဖြေလမ်းလျှောက် လည်ပတ်နိုင်ပါသည်။ ပင်လယ်ဒီရေတောများကို သဘာဝအနေအထားအတိုင်း ထိန်းသိမ်းထားကာ သန္တာကျောက်တန်းများတွေ့ရှိရပြီး ပင်လယ်လိပ်များ သားပေါက်သည့်ကျွန်းဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ရှိ ကျွန်းများမှာ ဖန်ဆင်းသည့် ပရိယာယ်မရှိသော ပင်လယ်ပြင်အတွင်း သဘာဝအတိုင်း သာယာလှပသော ရေအောက်သန္တာကျောက်တန်းများနှင့် ရေအောက်ရှားပါးသတ္တဝါများ၊ ဒီရေတောများ၊ အမြဲစိမ်းတောများ စသည့်သဘာဝသယံဇာတများ ပေါကြွယ်ဝလျက်ရှိပြီး ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ ။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်း

**ပဲခူး မေ ၃၀**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့က ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေအရာရှိများအနေဖြင့် မိမိတို့၏ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်မှုကိုခံယူရန်၊ မိမိတို့သည် ဥပဒေရေးရာဝန်ကြီးဌာနကို တာဝန်ခံရသဖြင့် လမ်းညွှန်ချက်များ၊ အမိန့်လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ထမ်းဆောင်ရန်၊ ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေကို လိုက်နာဆောင်ရွက်ကြရန်၊ ဌာနတွင်း ဥပဒေရေးရာသင်တန်းများ၊ ရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ ဦးခင်မောင်လွင်က တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသော ခရိုင်ဥပဒေအရာရှိများက ခရိုင်နှင့်မြို့နယ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(မြန်/ဆက်)**






မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၌ ကျောင်းအပ်လက်ခံဆောင်ရွက်စဉ်။

# ဒက္ခိဏသီရိမြို့နယ်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၀**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နေပြည်တော် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြာညိုက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမင်းဦးက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် မြို့နယ်အတွင်း ကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဒုတိယညွှန်ကြားရေးမှူး ဦးကြာညိုနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်**

**(မြန်/ဆက်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံသူဦးရေ ၄၈ သိန်းကျော်ရှိပြီဖြစ်

**နေပြည်တော် မေ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိရာ ကျောင်းအပ် စတင်လက်ခံသည့် မေ ၂၆ ရက်မှ ယနေ့အထိ ငါးရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူ ၄၈၉၄၄၂၈ ဦးရှိကြောင်း အခြေခံပညာဦးစီးဌာနမှ သိရသည်။

ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင်လာရောက်ကျောင်းအပ်နှံသူ ၃၁၆၆၉ ဦးရှိ

**လှည်းကူး မေ ၃၀**

၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှစတင်ကာ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ခဲ့ရာ လှည်းကူးမြို့နယ်၌ အခြေခံပညာကျောင်းများ ကျောင်းအပ် လက်ခံခြင်းများကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းအပ်လက်ခံရာတွင် အသက် ငါး နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)၊ အသက်ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း (Grade –1) သို့ အပ်နှံနိုင်ပြီး မူလတန်း၊ အထက်တန်း၊ အလယ်တန်းများအတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ ထောက်ပံ့ပေးကြောင်း သိရသည်။

လှည်းကူးမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၃ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၀ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၁၂ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၃၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၁၀၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၁ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်း စုစုပေါင်း ၂၁၃ ကျောင်းတို့၌ မေ ၂၉ ရက်အထိ ကျောင်းသား ကျောင်းသူ ၃၁၆၆၉ ဦး လာရောက်အပ်နှံခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အေးအေးနွဲ့**

**(မြန်/ဆက်)**



အခြေခံပညာကျောင်းများ၌ လာရောက်ကျောင်းအပ်နှံကြသူများကို တွေ့ရစဉ်။

# မောင်တောမြို့နယ် နတ်မြစ်အတွင်း ကုန်တင်စက်လှေ ရေဝင်နစ်မြုပ်မှုကို ကူညီကယ်ဆယ်

**နေပြည်တော် မေ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်ကမ်းနံဘေးရှိ မကျီးချောင်းဝ၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က မန်ကျီးချောင်းဝ၏ အနောက်ဘက် နတ်မြစ်အတွင်း စက်လှေတစ်စင်း မျောပါနေကြောင်း တွေ့ရှိရသဖြင့် သွားရောက်စစ်ဆေးရာ အလျား ၆၅ ပေ၊ အနံ ၁၇ ပေရှိ လှိုင်ထက်စံအမည်ရှိ ကုန်တင်စက်လှေဖြစ်ကြောင်း သိရှိရပြီး လှေ၏ ဦးပိုင်းမှ ရေဝင်၍ နစ်မြုပ်လျက်ရှိသဖြင့် စက်လှေပေါ်ရှိ လှေပိုင်ရှင်အပါအဝင် အမျိုးသားခြောက်ဦးကို ကူညီကယ်ဆယ်ခဲ့သည်။

အဆိုပါ စက်လှေသည် ကုန်ပစ္စည်းပို့ဆောင်ရေး ရေယာဉ်ဖြစ်ပြီး ချင်းအိတ် ၃၈၀၀ အိတ်ကို တင်ဆောင်၍ တောင်ကုတ်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ပို့ဆောင်ရန် မြန်မာနိုင်ငံရေပိုင်နက်အတွင်း နတ်မြစ်အတိုင်း မောင်းနှင်လာစဉ် ရေလှိုင်း ရိုက်ခတ်မှုကြောင့် စက်လှေအောက်ပိုင်းကွဲပြီး လှေအတွင်းသို့ ရေဝင်ရောက်ကာ နစ်မြုပ်ခြင်းဖြစ်ပြီး စက်လှေပေါ်တွင် လိုက်ပါလာသည့် လှေပိုင်ရှင်အပါအဝင် အမျိုးသားခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade–1) သို့ အပ်နှံရန်။

# ဥတ္တရသီရိမြို့နယ်၌ ယနေ့အထိ ကျောင်းသား ကျောင်းသူ ၁၃၉၀၉ ဦး လာရောက်ကျောင်းအပ်နှံ

**ဥတ္တရသီရိ မေ ၃၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ကျောင်းအပ်လက်ခံလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး ပြည့်ဖြိုးမင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က လုပ်ငန်းညွှန်ကြားချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် ဗလာစာအုပ်များကို ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံယူသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင်စတင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဥတ္တရသီရိမြို့နယ်တွင် အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ လေးကျောင်း၊ မူလတန်းလွန်ကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ၁၇ ကျောင်းနှင့် မူလတန်းကျောင်းခွဲ နှစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း၊ ကိုယ်ပိုင်အလယ်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း ၅၁ ကျောင်းရှိပြီး အဆိုပါကျောင်းများတွင် ယနေ့နံနက်ပိုင်းအထိ ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူ ၁၃၉၀၉ ဦး ကျောင်းအပ်နှံပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ရုံးမှ သိရသည်။



**ကျော်စွာဟိန်း(ပြန်/ဆက်)**

# ဖလမ်းမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ဖလမ်း မေ ၃၀**

ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်း အခြေခံပညာကျောင်းပေါင်း ၄၃၄ ကျောင်းနှင့် မူလတန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်း စုစုပေါင်း ၄၃၉ ကျောင်းတို့တွင် ကျောင်းသားဦးရေ (ခန့်မှန်း) အထက်တန်းအဆင့် ၁၄၆၄ ဦး၊ အလယ်တန်းအဆင့် ၂၉၈၄ ဦးနှင့် မူလတန်းအဆင့် ၅၁၂၄ ဦး စုစုပေါင်း ၉၅၇၂ ဦးရှိသည်။

အဆိုပါ ကျောင်းသားကျောင်းသူများ ပညာသင်ကြားခွင့်ရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက တလန်လိုရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဦးဗန်ကြီးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားသည်။



ဆက်လက်၍ ဖလမ်းခရိုင်ပညာရေးမှူး ဦးခေါ်ဂေကီးက အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်၊ မိဘအုပ်ထိန်းသူ၊ ပြည်သူများအား မေတ္တာရပ်ခံချက်များ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် အရာထမ်း အမှုထမ်းများလုံး လိုက်နာရန်အချက်များကို ပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ ပေးအပ်သည့် ပုံနှိပ်စာအုပ်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း ဗလာစာအုပ်များကို အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ခင်မောင်ညီ၊ ခဲတံများကို အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်တို့က ပေးကြရာ မြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာမကြီးများက လက်ခံယူကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဖလမ်းခရိုင်အတွင်း အထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲ ပေါင်း ၇၁ ကျောင်း၊အလယ်တန်း၊ အလယ်တန်းကျောင်းခွဲ၊ မူလတန်းလွန် ကျောင်းပေါင်း ၁၈၂ ကျောင်း၊ မူလတန်း၊မူလတန်းလွန်ကျောင်း(ခွဲ)ပေါင်း ၁၈၁ ကျောင်းနှင့် မူလတန်းအဆင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ငါးကျောင်းဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမ ၁၃၇၈ ဦးရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် မျက်စိဝေဒနာရှင် ၃၉၀ ကျော်ကို အခမဲ့ခွဲစိတ်ပေးနိုင်ခဲ့

**သီပေါ မေ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မဟာမြတ်မုနိဘုရားကြီးအတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်မှု၊ သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ကြီးကြပ်မှုဖြင့် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းစသည့် မြို့ကြီးများမှ မျက်စိအထူးကု ဆရာဝန်ကြီးများက မေ ၂၄ ရက်မှ ၂၉ ရက်အထိ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ် ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၂၄ ရက်မှ ၂၉ ရက်အထိ ခြောက်ရက်အတွင်း စုစုပေါင်းစမ်းသပ်လူနာ ၁၁၆၄ ဦးနှင့် ခွဲစိတ်လူနာ ၃၉၁ ဦးအားအခမဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး သီပေါမြို့နှင့် အနီးပတ်ဝန်းကျင်မြို့များဖြစ်သော နောင်ချို၊ ကျောက်မဲ၊ လားရှိုး၊ မိုင်းလုံ၊ မိုင်းငေါ့၊ နမ့်ဆန်၊ နမ္မတူ စသည့်မြို့များမှ မျက်စိဝေဒနာရှင်များနှင့် သီပေါမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များ လာရောက်စမ်းသပ်ခွဲစိတ် ကုသခဲ့ကြောင်း သိရသည်။

**သီပေါ**

**(ပြန်/ဆက်)**

## ဂန့်ဂေါမြို့၌ မေ ၂၈ ရက်အထိ ကျောင်းသား ကျောင်းသူ ၃၀၆၁ ဦး ကျောင်းအပ်နှံထား

**ဂန့်ဂေါ မေ ၃၀**

ဂန့်ဂေါမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၂၀ ရှိသည့်အနက် လုံခြုံရေးကောင်းမွန်စိတ်ချရသော အခြေခံပညာကျောင်း ၁၇ ကျောင်းကို ဇွန် ၂ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ပြီး မေ ၂၆ ရက်မှ ၂၈ ရက်အထိ ကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူပေါင်း ၃၀၆၁ ဦး ရှိနေပြီဖြစ်သည်။

ဂန့်ဂေါမြို့နယ်အတွင်း မေ ၂၈ ရက်က "ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေးဆိုင်းဘုတ် စိုက်ထူကြပြီးနောက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားအား ပုံညာခန်းမတွင် ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ နိုင်ငံတော်အစိုးရမှ အခမဲ့ထောက်ပံ့ပေးသည့် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များကို ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။ **မောင်ဆွေကျော်**

# မြန်အောင်မြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြန်အောင် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းနှင့် ဒေသအပူချိန် လျှော့ချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မျှင်ဝါးတောင် ကျေးရွာအုပ်စုရှိ ပုသိမ်-မုံရွာကားလမ်းဘေး မိုင်တိုင် (၇၇) အနီး မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ် (၅၂) ၌ စုပေါင်းစိုက်ပျိုးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး အောင်သူရိန်ထွန်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချစ်မောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း အင်အား ၁၀၀ ခန့်က ကျွန်း ၆၀၀၊ ပျဉ်းကတိုး ၁၀၀၊ မန်ကျည်းရှား ၄၀၀၊ မဟော်ဂနီ ၁၀၀၊ ယမနေ ၁၀၀၊ ပိတောက် ၅၀ စုစုပေါင်း အပင် ၁၃၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ပိတောက်၊ မဟော်ဂနီ၊ ယမနေ၊ ခရေ၊ ကံ့ကော် ပျိုးပင်ပေါင်း ၈၇၀၀၀၀ ကျော်ကို မြို့နယ်အတွင်းရှိ သစ်တောဘိနယ်စခန်းငါးခုနှင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများရှိ ပျိုးဥယျာဉ်များအတွင်း ပျိုးထောင်ထားရှိကြောင်း သိရသည်။

**ဝင်းဗိုလ်**
**(မြန်အောင်)**

# အင်းတော်မြို့တွင် မိုးရာသီအကြို သစ်ပင်စိုက်ပွဲတော်ကျင်းပ

**အင်းတော် မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် မိုးရာသီအကြိုသစ်ပင်စိုက်ပွဲတော်ကို မေ ၃၀ ရက် နံနက်ပိုင်းက မြို့မပရိယတ္တိ စာသင်တိုက်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပွဲတော်တွင် ကျွန်း ၄၅၀၊ ပျဉ်းကတိုး ၄၀၀၊ ကံ့ကော် ၅၀၊ ခရေ ၅၀၊ စိန်ပန်း ၅၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိဦးချမ်းသာမြင့်နှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ ပြည်သူလူထုများ ပါဝင်စိုက်ပျိုးကြကြောင်း သိရသည်။ (ဝဲပုံ)

**လူအောင်(ကသာ)**

# ထီးချိုင့်မြို့တွင် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ထီးချိုင့် မေ ၃၀**


စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရန် ရည်ရွယ်၍ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မြို့လည်ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဟိန်းကျော်နိုင်နှင့် ဝန်ထမ်းများ စုစုပေါင်း ၈၅ ဦး တက်ရောက်ကြသည်။

မိုးရာသီအကြို လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၇၀၊ ပိတောက် ၃၀၊ ယူကလစ် ၆၀၊ ဗာဒံ ၄၀၊ ခရေ ၆၀၊ သပြေ ၃၀နှင့် ကံ့ကော် ၅၀၊ မဲဇလီ ၆၀ စုစုပေါင်းအပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးပေးကြောင်း သိရသည်။ **(အောက်ပုံ)**

**ရဲလင်းထွန်း (ထီးချိုင့်)**




**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 80W/12279, HONDA ALPHA 110 M/C ယာဉ်လက်ဝယ်ရှိသူ EASY RIDER MOTORBIKE CO.,LTD က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1C/9541, MYANMAR STATION WAGON MSW-3, Station Wagon (4x4)R ယာဉ်အမည်ပေါက်သူ ဦးမောင်မောင်ဆွေ ၁/မကတ(နိုင်)၀၁၂၉၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်**

တောင်ငူမြို့နယ်၊ ဘိုကတော်ကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာ အလကခွဲ (ဘိုကတော်) နဝမတန်းမှ မောင်ဟိန်းထက်နိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၇-၂၀၀၅၊ အဋ္ဌမတန်းမှ မအိအိလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၁-၂၀၀၇ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဝေလင်းထွန်း ၇/တငန (နိုင်) ၁၅၀၃၈၁ ဖြစ်ပါကြောင်း။

**ဦးဝေလင်းထွန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း၊ တိုက်အမှတ်(A-2)၊ အခန်းအမှတ်(၅၂၄)၊RC(၈)ထပ်တိုက်၊ (၅)လွှာ၊ ဧရိယာ ၁၁၈၅ ဒသမ ၀၄ စတုရန်းပေရှိ ကွန်ဒို တိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးစောကျော်ထွဋ် ၇/သဝတ(နိုင်)၀၉၆၄၄၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဝဏ္ဏစိုး ၇/ပတန(နိုင်)၀၉၁၁၃၆၊ ဒေါ်ယုမွန်ဘုန်း ၁၂/မဂတ(နိုင်)၀၈၆၉၇၉ တို့က အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏစိုးနှင့် ဒေါ်ယုမွန်ဘုန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်- ၄၇၆၂၂)**
**အမှတ် ၁၄၊ ကျိုက်ခေါက် ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/9459, KTS Bky MPV(KTS-Mpv-01), Micro Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျ ၉/မနတ(နိုင်)၀၇၅၀၇၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁/ပေါင်းလောင်း-၁)၊ ဦးပိုင်/မြေကွက် အမှတ်(၁၀၇/၃၅၇)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဒေါ်ခင်ခင်ဝင်း အမည်ပေါက်ပါမစ်မြေကွက်အား ဦးစည်သူကျော်ဝင်းလွင် ၇/ဖမန (နိုင်) ၁၃၆၄၆၄မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရမ်းဗြဲမြို့၊ အမှတ်(၅)ရပ်ကွက်၊ လောင်းချောင်းရပ်နေ ဦးသော်တာထွန်း၏သား မောင်ကျော်တေဇကိုကိုအား မောင်ကောင်းခန့်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ရမ်းဗြဲမြို့၊ အမှတ်(၅)ရပ်ကွက်၊ လောင်းချောင်းရပ်နေ ဦးသော်တာထွန်း၏သမီး မမြမဥ္ဇူအား မမြမြင့်မိုရ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ဇော်မင်းထွန်း ၁၁/ပတန(နိုင်)၁၃၅၄၉၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၇၇၅၁၃၂၇**


**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/6859, Hino TE 11, Truck ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၁၂/လမန(နိုင်)၁၁၉၁၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး သန်းစိုး(ငြိမ်း)
## တေဇ(၃)
## အသက်(၆၈)နှစ်

အမှတ်(၄)၊ ကချင်သေနတ်ကိုင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီး သန်းစိုး(ငြိမ်း) အသက်(၆၈)နှစ်၊ ဇနီး ဒေါ်ရီရီဝေ ၏ ခင်ပွန်းသည် ၃၀-၅-၂၀၂၂ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဇနီး ဒေါ်စိုးယဉ်မြင့်**

**အလုပ်သမားဝန်ကြီးဌာန**

## ဦးဇော်မျိုးဦး
### ဒု-ဦးစီးမှူး(စက်မှု)၊ တည်ဆောက်ရေး(၉)
### ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### အသက်(၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဝင်းလှိုင်လမ်း၊ အမှတ် ၂၇၀၉ နေ ဦးကြည်လှ-ဒေါ်မြင့်မြင့်သန်း တို့၏သားကြီး၊ (ဦးမောင်မောင်)-ဒေါ်စန်းတို့၏ သားသမက်၊ ဦးလှမိုး-ဒေါ်နီလာဝင်း၊ ဦးဝင်းခိုင်-ဒေါ်သိမ့်သိမ့်လွင်တို့၏ အစ်ကိုကြီး၊ မောင်အောင်ပြည့်ဖြိုး၊ မသဇင်၊ မဆုမြတ်နိုးတို့၏ ဖခင်၊ ဒေါ်ကြည်ကြည်ညွန့်(ခ)ဒေါ်ချိုချို၏ ခင်ပွန်းသည် ၂၉-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့)ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၄၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၄-၆-၂၀၂၂ရက် (စနေနေ့) နံနက် တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယကာကြီး
## ဦးသန်းထွန်း
### (လက်ပံတန်းမြို့)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံး
### အသက်(၈၇)နှစ်

လက်ပံတန်းမြို့နေ (ဦးလူပါး-ဒေါ်ငွေတင်)တို့၏သားထွေး၊ (ဦးဝင်း-ဒေါ်အုန်း)တို့၏ သားသမက်၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီကွန်ဒို၊ တိုက်(D)၊အခန်း ၂၀၁ နေ ဒေါ်ကြည်ကြည်ဝင်း၏ ခင်ပွန်း၊ ကလောမြို့၊ ချမ်းမြေ့ရိပ်သာကျောင်းဆရာတော် ဒေါက်တာ အရှင်နေမိန္ဒ(M.A, PhD)၏ ခမည်းတော်၊ ဦးဝင်းမြတ်ထွန်း-ဒေါ်မေသက်ဝင်း၊ ဦးဝေဝင်းဇော်-ဒေါ်မြတ်သီတာထွန်း(ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးသန်းထွန်းသည် ၂၉-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ငွေ(ဒုတိယညွှန်ကြားရေးမှူး၊ ဆေးဘက်ဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန) အသက်(၆၀) နှစ်သည် ၂၆-၅-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာ သုဂတိရောက်ပါစေ။

**သူငယ်ချင်းများ**

**အားကစားနည်းပြ ဒီပလိုမာသင်တန်း (၂/၁၉၉၃)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်မျိုးဦး
### ဒု-ဦးစီးမှူး (စက်မှု) တ-ဆ-ရ(၉)
### ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန
### အသက်(၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဝင်းလှိုင်လမ်း၊ အမှတ် ၂၇၀၉ နေ ဦးဇော်မျိုးဦးသည် ၂၉-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄:၃၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၉)၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်9H/4961 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
# ဒေါ်အေးရင်
# အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားကြီးစံပြကျေးရွာနေ (ဦးထွန်းတင်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးစိန်ဝင်း)၊ ဦးလှထွန်း-ဒေါ်သန်းဆွေတို့၏ညီမ၊ (ဦးမြသိန်း)၏အစ်မ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၂၁၀)နေ (ဦးစင်ကာရမ်း(ခ)ဦးမောင်စိန်)၏ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်ချိုချိုမြင့်၊ ဒေါ်သန်းသန်းဝင်း၊ ဦးမောင်မောင်တင်-ဒေါ်သန်းသန်းရင်၊ ဦးသန်းလွင်၊ ဦးသန်းနိုင်(Shwe Zabu Deik Group of Companies)-ဒေါ်ZUဝိန်းဆွေတို့၏မွေးသမိခင်၊ ဦးအေးထက်အောင်၊ ဦးဖြိုးဟန်ကျော်၊ မဟေမာကျော်၊ မအေးချမ်းမိုး၊ မအေးမြတ်နိုင်၊ မဖူးပွင့်ဆွေ၊ မောင်ဘုန်းသက်ဆွေတို့၏အဘွားသည် ၂၇-၅-၂၀၂၂ရက် (သောကြာနေ့)ဘန်ကောက်မြို့စံတော်ချိန် နံနက် ၃:၂၈နာရီတွင် Bumrungrad Hospital၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ရွှေဝတ်မှုံအကွက်၊ ဦးပိုင်အမှတ်(၉၀-ခ)၊ ဧရိယာ ၀ဒသမ ၀၉၃ ဧကရှိ ဒေါ်ခင်မျိုးမြင့်ပါ(၃)ဦး အမည်ဖြင့် ၁၅-၁၂-၂၀၁၂ ရက် မှ ၁၄-၁၂-၂၀၅၁ ရက် အထိ နှစ်(၃၀) ဂရန်ရရှိထားသော မြေဧရိယာအတွင်းမှ ဖြစ်ပေါ်လာသည့် ဦးပိုင်အမှတ် (၉၀-င)၊ ဧရိယာ ၀ဒသမ ၀၄၇ ဧကအား ဒေါ်စန္ဒာဦးမှ ၁၇-၃-၂၀၂၂ရက်တွင် ပုသိမ်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ နှစ်ဦးသဘောတူစွန့်လွှတ်ခြင်း ကတိစာချုပ် ချုပ်ဆို၍ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အောက်ပါ နယ်နိမိတ်အတိုင်း မြေငှားဂရန် ဦးပိုင်ခွဲစိတ်ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**

**အုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ မော်ဘီကျေးရွာ မော်ဘီမူလွန်ကျောင်း စတုတ္ထတန်း(အောင်)မှ မောင်အောင်ဖြိုးလင်း၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင် ၁၄/ဖပန(နိုင်) ၁၁၀၀၀၄ဖြစ်ပါကြောင်း။ **ဦးသက်နိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/62317, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်သက်ပိုင် ၁၄/ပသန(နိုင်)၂၁၉၆၈၇က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၂၁)လမ်းအနောက်၊ မြေတိုင်းရပ်ကွက် အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၁၃၈၃/က)၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေ၊ ၁၂၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးအမ်ကျော်မြင့် (CF-140027) အမည်ဖြင့် တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ကို ဒေါ်စုမြတ်သွယ် ၁၂/သကတ(နိုင်) ၁၉၅၃၇၂က ရောင်းချပြီး ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါပြီးသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှခိုင်**
**အထက်တန်းရှေ့နေ(စဉ်-၂၃၃၈၀)**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၄၇၀၀၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်းသွယ်(၂)၊ တိုက်(၂၆၉)၊ အခန်း(၈)နေ ဒေါ်ခင်မာလှိုင် ၁၂/သဃက(နိုင်) ၀၀၂၀၂၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၉၊ မြေကွက်အမှတ် ၁၇၂၊ အကျယ်အဝန်း(၄၀x၆၀)ပေ အကျယ်ရှိ ဒေါ်မြင့်မြင့်အောင် အမည်ပေါက် နှစ်(၆၀)ဂရန်ဖြင့် ပိုင်ဆိုင်သော တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက် အနက်မှ(၂၀x၆၀)ပေ အကျယ်ရှိ မြေကွက်၊ (မြေကွက်အမှတ်(၁၇၃)နှင့် ကပ်လျက်ဘက်အခြမ်း) နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉) ရပ်ကွက်၊ နဂါးနိုင်လမ်း၊ အမှတ်(၁၇၂/က)ဟုခေါ်တွင်သော အဆောက်အအုံအား ဝယ်ယူရန် ဒေါ်ခင်မာလှိုင်က ဆက်စပ်စာချုပ်ဖြင့် ရောင်းသူ ဒေါ်သဲဇာလှိုင် ၁၂/တမန (နိုင်) ၀၈၈၉၁၈ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ မည်သည့်အကြောင်းကြောင့်အရောင်းအဝယ်မပြုသင့်ကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်ခင်မာလှိုင်ထံသို့ဖြစ်စေ ကန့်ကွက် လိုသူကိုယ်တိုင် မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်ပြသပြီး ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက မြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ်ကိစ္စရပ်များကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာမျိုးထက်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၈၈)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၇၀၉၉၆၊ ၀၉-၇၉၉၁၁၆၁၈၃**

### မွေးသက္ကရာဇ်အမှန်

ဦးမင်းအောင်၏သား သံဖြူဇရပ်မြို့နယ်၊ တောင်ဖလုကျေးရွာ (မူလွန်)တောင်ဖလု Grade-9 မှ မောင်ဇော်မင်းခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၇-၂၀၀၆ ဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3012 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်အုပ်စု၊ စုကြီးထန်းတောရပ်မှ အရှေ့ဘက်တွင် ဦးသန်းငွေ တောင်ဘက်တွင် ဦးကျော်သူနိုင်၊ မြောက်ဘက်တွင် ဒေါ်ချို(ခ)ဒေါ်နွဲ့နွဲ့ရီ၊ အနောက်ဘက်တွင် ကားလမ်းအတွင်းရှိ အလျား(၅၀)ပေ၊ အနံ(၃၀)ပေ မြေဝိုင်းပိုင်ဆိုင်သူ ဒေါ်သန်းငွေးသည် ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သန်းငွေး**
**၉/ကဆန(နိုင်) ၁၂၇၂၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တကက/စာရေး ငွေလွင်ကိုယ်ပိုင်အမှတ် ၇၈၈၈၇၃ ၅/စကန(နိုင်) ၂၀၂၈၀၄ (ဘ)ဦးရွှေမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၀၉ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင် အမွေခံဇနီး ဖြစ်သူ ဒေါ်ကြည်ကြည်မြင့် ၅/စကန(နိုင်) ၁၉၃၉၃၆ (ဘ)ဦးဟန်မောင် မှ တရားဝင် အမွေခံဇနီး ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကက/စာရေးငွေလွင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံ ပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၄၀)၊ (၂)ခန်းတွဲRC(၆)ထပ် တိုက်အဆောက်အအုံ၏ ဒုတိယထပ်(၃)လွှာ၊ တိုက်ကိုမျက်နှာမူလျှင်(လက်ဝဲခြမ်း)၊ ဧရိယာ(၅၁၇)၊ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည် ဟုဝန်ခံကတိပြုသူများဖြစ်သော ဦးရဲနိုင်(ခ) အောဘ်ဇောရောမန် ၁၂/သကတ(နိုင်) ၁၉၄၁၅၁၊ ဦးသန်းထွန်း(ခ)အဒူးရော်ဟိမ်း ၁၂/တမန(နိုင်) ၁၁၁၃၀၁တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဝင်းဟန် ၁၂/တမန(နိုင်) ၀၉၈၃၇၅၊ ဒေါ်ဟေမာန်အောင်ကျော် ၁၂/ဥကမ(နိုင်) ၂၃၂၂၀၄တို့က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဟန်နှင့်ဒေါ်ဟေမာန်အောင်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (2A)၊ အခန်းအမှတ်(03)၊ The Paragon Residence, RC(27)ထပ်တိုက် အဆောက်အအုံ၏(၁၇)လွှာ၊ ဧရိယာ ၁၅၂၃ ၊ စတုရန်းပေ ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတိုကို လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးစန်ငြိမ်း(ခ) ကပ္ပလီ ၁၄/မမန(ဧည့်)၀၀၀၀၂၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးအောင်ဖြိုးကျော် ၁၂/အလန(နိုင်)၀၃၈၆၂၀၊ ဒေါ်ဇင်မာညို ၇/ဒဥန(နိုင်)၀၀၀၆၆၈ တို့က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဖြိုးကျော်နှင့် ဒေါ်ဇင်မာညိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိက တာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV HD)၊ MRTV News Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် FM ပုဂံတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အသုံးပြုရန်အတွက် ဖောင်းပြင်မြို့နယ် ပညာရေးမှူးရုံးသို့ ပို့ဆောင်သည့် ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို လုယက်ယူဆောင်

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သော ပညာရည်မြင့်မားရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများကြောင့် ကျောင်းသား ကျောင်းသူများ၏ စာသင်နှစ် နစ်နာမှုများဖြစ်ပေါ်လာသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်ခဲ့ပြီး ရောဂါထိန်းချုပ်နိုင်သည်နှင့် တစ်ပြိုင်နက် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ကာ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးအစွန်းရောက် အယူဝါဒများကို လက်ကိုင်ထား၍ ကျောင်းတက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ပညာသင်ကြားပေးကြသည့် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်း၊ ပညာရေးအဆောက်အဦများ၊ စာရွက်စာတမ်းများ၊ ပညာရေးအထောက်အကူ ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများကို နေရာတချို့၌ ကျူးလွန်လုပ်ဆောင်လျက်ရှိကြသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၂၉ ရက် နံနက် ၉ နာရီခန့်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အသုံးပြုရန်အတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များပါဝင်သော ပီနံအိတ် ၄၁ အိတ်နှင့် စက္ကူဂျပ်ဖာ ၄၁ ဖာတို့ကို စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်ပညာရေးမှူးရုံးမှ ဖောင်းပြင်မြို့နယ်ပညာရေးမှူးရုံးသို့ ပို့ဆောင်ရန် မော်လိုက်-ဖောင်းပြင် ကုန်တင်ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါရေယာဉ်သည် မွန်းလွဲ ၂ နာရီခန့်တွင် မော်လိုက်မြို့နယ် ယုဝကျေးရွာအနီးသို့ အရောက်၌ လက်နက်ငယ်များကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမား ၂၀ ခန့်က ရေယာဉ်အား

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖

## အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်၊ တီမော၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့် တစ်အုပ်စုတည်း ကျရောက်



မြန်မာနှင့် ဗီယက်နမ်အသင်း ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-VFF

**ရန်ကုန် မေ ၃၀**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ပြီးခဲ့သည့်ရက်ပိုင်းက ပြုလုပ်ခဲ့ရာ မြန်မာအသင်းသည် ဗီယက်နမ်၊ တီမော၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့်တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍

## ယနေ့ သတင်းအညွှန်း



**ဆောင်းခိုငှက်များ နေရပ်ပြန်ချိန်**

ဇီဝစုံလင် သဘာဝဝန်းကျင် စာ ၁၆

**ကျောင်းအပ်လက်ခံမှုများ ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာကြီးတစ်ဦးအား CDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်**

ပြည်တွင်းသတင်း စာ ၁၈